မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၁၃)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ●

**မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်** စာ - ၁၂ သို့

**နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ** စာ - ၁၅ သို့

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုအင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ** စာ - ၂၅ သို့




**Myanmar Mobile Money(MMM)** ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊
**E-Topup** ဖုန်းပြောခပြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊
**Gift Card** ပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်)

# စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေး

သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းများတိုးတက်ကောင်းမွန်စေရေး အလေးထားလုပ်ဆောင်ကြသကဲ့သို့ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးစား စိုက်ပျိုးထုတ်လုပ်ရာတွင် အောင်မြင်မှုအပြည့်အဝရရှိစေရန်မှာ မျိုး၊ မြေ၊ ရေ၊ နည်းမှန်မှန်ကန်ကန်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်အစိုးရကစီစဉ်ပေးမည်ဖြစ်သကဲ့သို့ မိမိတို့လုပ်ငန်းများတိုးတက်အောင်မြင်ရေးမှာ သက်ဆိုင်သူအားလုံးကစိတ်အားထက်သန်စွာ မိမိအကျိုး၊ တိုင်းပြည်အကျိုးအတွက်ဟူသော စိတ်ဓာတ်ကောင်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတိုင်းလူမှုစီးပွားဘဝမြင့်မားစေရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ တပ်မတော်မှ တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့များကလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းမှာ ပြည်သူတို့၏လူမှုစီးပွားကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးတပ်ရင်းအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုစံပြဖြစ်အောင်ဆောင်ရွက်နေသကဲ့သို့ တပ်ရင်းမိသားစုများ သက်သာချောင်ချိစေရေး ရည်မှန်းကာ လုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ဆောင်လျက်ရှိသည်။ မိမိတို့တပ်ရင်းမိသားစုများသာမက ပြင်ပသို့သက်သာသောဈေးနှုန်း ဖြင့်ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချပေးနိုင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့်ဒေသခံပြည်သူများက အထူးပင်ကျေးဇူးတင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန်ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တပ်မတော်တပ်ရင်း/တပ်ဖွဲ့များတွင် ဖြစ်ထွန်းအောင်မြင်အောင်ကြိုးပမ်းနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်သည့်မြေယာများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူခြင်း၊ စုပေါင်း၍စိုက်ပျိုးမွေးမြူခြင်းများကိုလုပ်ဆောင်ကြမည်ဆိုပါက ပြည်တွင်းစားသုံးရန်ဖူလုံမှုမှသည် တစ်ဆင့်ထက်တစ်ဆင့်မြင့်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆောင်ရွက်ရန်အတွက် ရာသီဥတု၊ မြေအနေအထားသင့်လျော်ကောင်းမွန်သည့်အခြေအနေကောင်းရှိသည့်နိုင်ငံဖြစ်သည်။ မိမိတို့စီးပွားရေးကောင်းမွန်ရန်အတွက် မိမိတို့ကိုယ်တိုင်က ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးခြံများတွင်မွေးမြူထားသည့် တိရစ္ဆာန်တို့၏စွန့်ပစ်ပစ္စည်းများနှင့် စိုက်ပျိုးရေးစွန့်ပစ်ကုန်ကြမ်းပစ္စည်းများကို မြေဆီဩဇာကြွယ်ဝသော သဘာဝမြေဆွေးအဖြစ် စမ်းသပ်အသုံးပြုလျက်ရှိသည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသောစီးပွားရေးဦးတည်ချက်ကိုအောင်မြင်အောင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပမှသွင်းကုန်များလျှော့ချရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း တိုးတက်လာနေပြီဖြစ်သည်။ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြင့်တင်ရေး ဦးတည်ချက်ထားဆောင်ရွက်လျက်ရှိရာတွင်လည်း လုပ်ငန်းရှင်များ၊ လုပ်သားများအားလုံးက မိမိတို့၏စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားစေမည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပုဒ်မ ၃၇၀ ၌ " နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၇၁ ၌"နိုင်ငံတော်သည် အမျိုးသားစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကိုရရှိစေရန် ကူညီမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ငွေကြေးအရင်းအနှီးနှင့်နည်းပညာများကိုအလေးထားကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မိမိတို့နိုင်ငံသည် သဘာဝတရားကပေးသော မြေရာရေပါပြည့်စုံသည့်နိုင်ငံဖြစ်သည့်အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် နိုင်ငံ၏ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များပါ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီပူးပေါင်းကာ သယ်ပိုးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# စစ်မှုထမ်းဥပဒေအကြောင်းအရာများ ချပြရှင်းလင်းပွဲကျင်းပ

တနင်္သာရီ ဖေဖော်ဝါရီ ၂၄

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများအား ရပ်ကွက်အတွင်းရှိပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ချပြရှင်းလင်းခြင်းအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ပေါ် ရပ်ကွက်များဖြစ်သည့် ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်အတွင်းရှိ အုပ်ချုပ်ရေးမှူးရုံးခန်းတို့၌ ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာအခမ်းအနားသို့ တက်ရောက်လာကြသူများအားပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့်ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာသတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ဝေငှပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူး ကျော်ဟန်စိုးက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများနှင့်ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်နိုင်ဝင်းကအသက်(၁၈-၃၅)အတွင်း အသက်အရွယ်အပိုင်းအခြားများ၊ အကျုံးဝင်သူများ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလများ၊ ဥပဒေ/နည်းဥပဒေများ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ တာဝန်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်အေးကိုကိုက သတင်းတု/သတင်းမှားများနှင့် ဥပဒေဆိုင်ရာများကိုရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများက သိလိုသည်များ၊ မရှင်းလင်းသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ ချောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆောင်းတင်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့်ရပ်ကွက်အတွင်းမှ ဒေသခံပြည်သူများ၊ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ကိုနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်အတွင်းရှိပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၅-၂-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ် ကြက်သွန်နီပိဿာ ၅၀၀၀၀ ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်သွက်လျက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း နေ့စဉ် ကြက်သွန်နီပိဿာ ၅၀၀၀၀ ခန့် ဝင်ရောက်ပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ရေဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည် စသည့်ဒေသတို့မှထွက်ရှိသော ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်။

"အခုရက်ပိုင်းမှာ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီတွေ အဝင်များနေပြီး ဈေးသက်သာတဲ့အချိန်လို့ ပြောလို့ရတယ်။ စားသုံးသူတွေအနေနဲ့ နောက်လတွေအတွက်ပဲဖြစ်ဖြစ်၊ သင်္ကြန်ကာလအတွက်ပဲဖြစ်ဖြစ် ကြိုဝယ်မယ်ဆိုရင် အခုချိန်က အသင့်တော်ဆုံးပါပဲ။ လက်ရှိကြက်သွန်နီဈေးနှုန်းက စားသုံးသူရော ရောင်းချသူတွေအတွက်ပါ အဆင်ပြေတယ်။ ဒီထက်ဈေးကျသွားရင်လည်း တောင်သူတွေအတွက် အဆင်မပြေဖြစ်လာနိုင်တယ်" ဟု မြန်မာနိုင်ငံ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီရိမင်္ဂလာဈေး၊ တညင်းကုန်းဈေးနှင့် သိမ်ကြီးဈေး စသည့်ဈေးကြီးများ၌ ရောင်းချသူများက လက်ကားလာရောက်ဝယ်ယူကြပြီး စားသုံးသူများကို လက်လီပြန်လည်ဖြန့်ဖြူးရောင်းချပေးနေသည့်အပြင် တခြားပြည်တွင်းဈေးကွက်များဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် စသည့်ဒေသများသို့လည်း တင်ပို့နေရကြောင်း သိရသည်။

ထို့ပြင် ကြက်သွန်နီများကို ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ဗီယက်နမ်၊ မလေးရှား စသည့်နိုင်ငံတို့သို့ နှစ်စဉ် တန်ချိန် ၇၀၀၀၀ နှင့် ၈၀၀၀၀ ကြား တင်ပို့နေရကြောင်း၊ ထိုသို့ ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသည့်အတွက် ပြည်တွင်းမှ ကြက်သွန်စိုက်တောင်သူများကလည်း ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဆောင်းဦး**

# ထားဝယ်မြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုငွေဖြင့် တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (ထားဝယ်) တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက်က ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးဦးသက်နိုင်က မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၃၃) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ(၈)ရပ်ကို သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ပြီးနောက် မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်၊ ရေရှည်တည်မြဲစေမည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်မှ ကလေးအလုပ်သမားများ ပပျောက်စေရန် ရည်ရွယ်၍ သက်မွေးသင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ စာတွေ့၊ လက်တွေ့ပို့ချပေးခဲ့သည့် ဘာသာရပ်များ၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင်အသုံးချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝမြင့်မားလာပြီး ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနညွှန်ကြားရေးမှူးက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က အခြေခံစက်ချုပ်သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက သင်တန်းသား ၂၁ ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက သင်တန်းသားများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟင်္သာတမြို့နယ်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းမွန်နေ



ဟင်္သာတ ဖေဖော်ဝါရီ ၂၄


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်၌ ထောပတ်ပဲနီ (အပြားကြီး) များ ဝယ်လိုအားကောင်းလာမှုကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ယုဝေ၏ပြောပြချက်အရ သိရသည်။

ဟင်္သာတပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်၌ ဖေဖော်ဝါရီလဒုတိယပတ်မှစ၍ ထောပတ်ပဲနီ (အပြားကြီး) များ ဝယ်လိုအားကောင်းပြီး တစ်ရက်လျှင် ပြည်ရေ ၅၅၀၀ မှ ၇၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ (အပြားကြီး) များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာခြင်းမှာ ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီကို ပိုပြီးဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က အဝယ်လိုက်နေတဲ့အပြင် ပြည်ပပဲဈေးကွက်ကို ပြန်လည်တင်ပို့နေရလို့ အခုလို ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်။ ဖေဖော်ဝါရီလဒုတိယပတ်လောက်ကစပြီး အဝယ်လိုက်လာတာပါ။ လက်ရှိထောပတ်ပဲနီကို စိုက်ပျိုးသူတွေနဲ့ သိုလှောင်ထားတဲ့ကုန်သည်တွေအတွက် တွက်ခြေကိုက်အဆင်ပြေနေတဲ့ အခြေအနေမှာရှိပါတယ်။ ထောပတ်ပဲနီက လာမယ့်ပဲပေါ်ရာသီအထိ အရောင်းအဝယ်ဆက်ကောင်းနေဖို့ပဲရှိပါတယ်" ဟု ဒေါ်ယုဝေကပြောသည်။

ဟင်္သာတ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**






# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ဦးထွန်းရှိန်၏မျက်နှာထား၌ ကျွန်ုပ်ကို ကောင်းစွာနားမလည်သည့်လက္ခဏာမျိုး တစ်ချက်တစ်ချက်တွေ့ရသော်လည်း ကျွန်ုပ်၏စိတ်ထဲက "နားမလည်မရှိပါနဲ့ ဆရာ၊ ဒီဖေသိန်းမှ ဖေသိန်းအစစ်ပါ"ဟူ၍ အဖြေပေးလျက်ရှိ၏။ ရဲရဲတင်းတင်း သွက်သွက်လက်လက်ပြောခြင်းမှတစ်ပါး ကျွန်ုပ်၏စကားများမှာ အမှားပါသည်မဆိုနိုင်သောကြောင့် ဦးထွန်းရှိန်သည် ကျွန်ုပ်၏မျက်နှာထားအဓိပ္ပာယ်ကိုလက်ခံ၍ ဤနှစ်နှစ်ခန့်အတွင်း သည်လူတစ်ယောက် သည်လောက်တိုးတက်လာရချေသလောဟု စဉ်းစားခြင်းကိုပင် ကျွန်ုပ်မြင်နိုင်သည်။ ပထမတွင် သူ့အဖို့ ပြဿနာဖြစ်၍ နောက်ဆုံးတွင် ကျွန်ုပ်အား အထက်ပါအတိုင်း လက်ခံခြင်းကို ကျွန်ုပ်မြင်ရသည်။ ဥပမာ ထိုစဉ်က ဘားမားကရစ်တစ် (Burma Critic)သတင်းစာ အယ်ဒီတာအမှုဖြစ်လျက်ရှိရာ ၎င်းအမှုအကြောင်းကို သူရော ကျွန်ုပ်ပါ သတင်းစာတွင် လိုက်၍ဖတ်ထားသဖြင့် ဆွေးနွေးကြရာတွင် ကျွန်ုပ်က ကျွန်ုပ်၏ထင်မြင်ချက်ကို ရဲရဲကြီးပြောချလိုက်သဖြင့် သူအံ့အားသင့်သွားခြင်းကို ကျွန်ုပ်သတိပြုလိုက်မိသည်။ ကျွန်ုပ် 'ဘဝင်မြင့်' မီက ဤစိတ်ကူးမျိုးရှိချင်ရှိမည်ဖြစ်သော်လည်း ထိုကဲ့သို့ ရဲရဲတင်းတင်းပြောဝံ့မည်မဟုတ်။ နောင်တွင် ဘဝင်မြင့်ပျောက်၍ ကျွန်ုပ်ပြောခဲ့သည့် ထင်မြင်ချက်ကို ပြန်လည်သုံးသပ်သည့်အခါ 'အသားလွတ်' မဟုတ်။ အကြောင်းအကျိုးအဆက်အသွယ် အတော်ပြည့်စုံခြင်းကို တွေ့ရသဖြင့် ကိုယ့်ဟာကိုယ် ချီးမွမ်းရဦးမည်ကဲ့သို့တွေ့ရပါသည်။

## နောက်တစ်ဖန်တွေ့ပြန်ခြင်း

၁၉၁၉ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ဗုဒ္ဓဘာသာကျောင်းဆရာတစ်စုသည် ရန်ကုန်မြို့သို့ ရောက်လာကြ၍ ကျွန်ုပ်ရှိနေသော သူရိယတိုက်သို့ ဝင်လာကြပြီးလျှင် လွန်ခဲ့သောခုနစ်နှစ်ခန့်က ဦးထွန်းရှိန်နှင့် ကျွန်ုပ် ဗုဒ္ဓဘာသာကျောင်း၌ တွေ့ကြပုံ အခြင်းအရာကို အားရပါးရချီးကျူးပြောဆိုကြလေသည်။ လက္ခဏာမှာ ကျွန်ုပ်၏သူငယ်ချင်းများဖြစ်ကြသော ထိုကျောင်းဆရာများသည် ကျောင်းအုပ်သစ် ဦးထွန်းရှိန် ဘီအေအား အလွန်ကြောက်ရွံ့လေးစားနေကြရသောအချိန်ဖြစ်ပုံရသည်။ (ထိုအချိန်တွင် ဘီအေရှားသေးသောခေတ်ဖြစ်၏။) ၎င်းကျောင်းဆရာများသည် ထိုစဉ်က ခြောက်လခန့်မျှ ကျွန်ုပ်၌ 'ဘဝင်မြင့်' နေခဲ့ခြင်းကို လုံးဝမသိကြချေ။ သူတို့၏မျက်စိ၌ ကိုးတန်းမျှသာအောင်၍ စာရေးတစ်ယောက်မျှသာဖြစ်သော ကျွန်ုပ်က သူတို့၏နာမည်ကြီးကျောင်းအုပ်ကြီးကို ရဲရဲတင်းတင်းဝင်ပြီး အင်္ဂလိပ်လို 'ဆတ်' ဝံ့ခြင်းအတွက် မယုံနိုင်လောက်အောင်အံ့ဩကြလေသည်။

ဆရာတစ်ယောက်။ ။"ကျုပ်တို့တော့ ခင်ဗျား လုပ်သွားလိုက်ပုံကို သဘောကျလိုက်တာဗျာ။ ခုထက်ထိပြောလို့မဆုံးဘူး။ ဝတ်ထားလိုက်ပုံကလည်း တကယ့်ဖက်ရှင်ပဲ။ ခင်ဗျား အင်္ဂလိပ်စာတော်တာကတော့ ကျုပ်တို့သိပါတယ်။ နို့ပေမဲ့ ဟိုနေ့ကတော့ မထစ်မငေါ့နဲ့ ဂိုက်နဲ့၊ ဆိုက်နဲ့၊ ဟန်နဲ့၊ ပန်နဲ့ စကားလုံးပြောင်ပြောင်တွေရွေးပြီး ပြောသွားလိုက်တာများ ကျုပ်တို့ဖြင့် သိပ်အားရတာပဲ။ ဦးထွန်းရှိန်က အောက်သားကိုးဗျ။ ကျုပ်တို့က ဟောဒါမန္တလေးသားကွလို့တောင် အော်လိုက်ချင်တယ်"

တစ်ယောက်။ ။"နေပါဦးဗျ၊ ခင်ဗျားက သူနဲ့ ဘယ်တုန်းကတွေ့ဖူးလို့လဲဗျ"

ကျွန်ုပ်။ ။"မင်းကြီးနဲ့ နယ်လှည့်ရင်း ရန်ကုန်ဆင်းသွားကြတုန်းကပါပဲ"

တစ်ယောက်။ ။"ဘယ်နှခါလောက် တွေ့ဖူးထားလို့လဲဗျာ"

ကျွန်ုပ်။ ။"မများလှပါဘူး၊ နှစ်ခါလောက်ပါပဲ"

တစ်ယောက်။ ။"ဒါနဲ့များဗျာ၊ တကယ့်ကျောင်းနေဖက်သူငယ်ချင်းကျနေတာပဲ။ ကျွန်ုပ်တို့ဆရာကြီးကို ခင်ဗျားလိုပြိုင်ပြောနိုင်တဲ့လူ မန္တလေးမှာ တစ်ယောက်မှမပေါ်လာသေးဘူးဗျ"

တစ်ယောက်။ ။"ဟုတ်တယ်ဗျ၊ ခင်ဗျားလုပ်ဟိုနေ့က နှုတ်တော်တော်တွန့်တယ်။ ခင်ဗျားကို မလွှမ်းနိုင်ဘူး။ ကျုပ်တို့က ကျေနပ်လိုက်တာဗျာ"

(အမှန်မှာ ဦးထွန်းရှိန်ကား လူသွက်တစ်ယောက်ဖြစ်ပါသည်။)

ကျွန်ုပ်သည် ကျောင်းဆရာများအား တရုတ်ဟိုတယ်တစ်ခု၌ ထမင်းတစ်နပ်ကျွေးလိုက်ရာ တောင်ရောက်၊ မြောက်ရောက်ပြောရာမှ ဦးထွန်းရှိန်နှင့် ကျွန်ုပ်အကြောင်းကို ခဏခဏလှည့်၍ လာကြပါသေးသည်။ ကျွန်ုပ်သည် စာဖတ်ပရိသတ်အား 'ဘဝင်မြင့်ခဲ့' ဖူးခြင်းကို ဖော်ထုတ်ပြောပြသော်လည်း ကျောင်းဆရာများအားမူကား အသိမပေးခဲ့ပါ။ ၎င်းတို့အနက် တစ်ယောက်တလေမျှသည် ဤစာကိုဖတ်ရလျှင် ရယ်ချင်မည်ဖြစ်သော်လည်း ကျွန်ုပ်အမှတ်ရသလောက်မှာ တစ်ယောက်မကျန် ကွယ်လွန်ကုန်ကြရှာလေပြီ။

## ဦးထွန်းရှိန်နှင့်တွေ့ပြန်ခြင်း

ထိုနှစ်နောက်ပိုင်းလောက်တွင် ဦးထွန်းရှိန်သည် ("သပြေနုချိန် တင်ရန် ဆင်ရန် ပန်းတွေကများလိုက်ပါဘိသနှင့်၊ ဖေပုရှိန် အင်္ဂလန်နန်းမြေသွားတို့မှာတော့"ဟူသည့် မစ္စတာမောင်မှိုင်း ယခု သခင်ကိုယ်တော်မှိုင်း၏လေးချိုးကြီးအရ) မန္တလေးမှ ရန်ကုန်သို့ဆင်းလာ၍ ကျွန်ုပ်နှင့်ဝိုင်အမ်ဘီအေအသင်းတိုက်တွင် တစ်နေ့တွေ့ကြ၏။ သူသည် ကျွန်ုပ်အား ရှေးကအတိုင်း လှိုက်လှဲစွာတွေ့ဆုံ၍ စကားပြောကြလေရာ (ကျွန်ုပ်မှာ 'ဘဝင်မြင့်' ပျောက်နေပြီဖြစ်၍ ကျွန်ုပ်၏အမူအရာပြောင်းလဲခြင်းကို မည်သို့လေနည်းဟု အကဲခတ်၏။) ကျွန်ုပ်မှာ ဗုဒ္ဓဘာသာကျောင်း၌ တွေ့စဉ်ကကဲ့သို့ ရဲရဲဝံ့ဝံ့မရှိဘဲ ခပ်တွန့်တွန့်ဖြစ်နေသည်ဟု သူထင်ပုံရ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ဆရာသမားသဖွယ်ဖြစ်သော ဦးဘဖေနှင့် သူသည် တန်းတူဖြစ်နေ၍ ကျွန်ုပ်က အောက်ကျလျက်ရှိသောကြောင့် တွန့်သည်ဟု သူကယူဆလေသလော မပြောတတ်ပေ။ အမှန်မှာ ကျွန်ုပ်၌ 'ဘဝင်မြင့်' ပျောက်ပြီး 'ပုံမှန်' အတိုင်းဖြစ်နေသောကြောင့်မျှသာဖြစ်ပါသည်။ ဦးထွန်းရှိန်သည် ကျွန်ုပ်နှင့်အရောတဝင်ဖြစ်အောင် ကြိုးစားသေးသော်လည်း ကျွန်ုပ်၌တွန့်ဆုတ်မှုရှိခြင်းကို သူမြင်သည်နှင့် နောက်ဆုံးတွင် လက်လျှော့လိုက်ပါလေတော့သည်။

## ပြန်ပြောင်းတွေးခေါ်ချက်များ

ထိုည၌ ကျွန်ုပ်သည် ဦးထွန်းရှိန်နှင့်ဖြစ်စေ၊ အချို့လူများနှင့်ဖြစ်စေ တွေ့ဆုံဆက်ဆံရာများတွင် 'ဦးခေါင်းလျှိုး' မိတတ်ခြင်းကို ကိုယ့်ဟာကိုယ်သိ၍ ကိုယ့်ဟာကိုယ်မကျေမနပ်ရှိသည်နှင့် မိမိတစ်သက်တာ နောက်ကြောင်းကို ပြန်ပြောင်းဆင်ခြင်သုံးသပ်မိပါတော့သည်။ မည်သို့သောလူစားမျိုးအပေါ်၌ ကျွန်ုပ် 'ဦးခေါင်းလျှိုး' တတ်ပါသနည်းဟု စစ်ဆေးလိုက်သည့်အခါ ပိုက်ဆံရှိသူများလည်းမဟုတ်၊ ရာထူးကြီးသူများလည်းမဟုတ်သေး၊ ဗဟုသုတပြည့်စုံလှပါသည်ဆိုသူများလည်း မဟုတ်သေး၊ ဉာဏ်ကောင်းသူများလည်းမဟုတ်သေး၊ ရန်ကုန်ကောလိပ်၌ ပညာသင်ခဲ့၍ ဘီအေအောင်ခဲ့ကြသူများဖြစ်သည်ဟု စစ်ထုတ်နိုင်ခဲ့ပါသည်။ 'ရန်ကုန်ကောလိပ်၌ ပညာသင်ခဲ့၍ ဘီအေအောင်သူများ' ဟူသောစကားကို သီးခြားခွဲထုတ်ဖော်ပြလိုက်ခြင်းကို သတိပြုကြစေလို၏။ ရန်ကုန်မြို့၌ ထိုခေတ်က ရန်ကုန်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်ဟူ၍ နှစ်ကျောင်းရှိခဲ့ဖူးရာ ကျွန်ုပ်သည် ဂျပ်ဆင်ကျောင်းထွက်ဘီအေထက် ရန်ကုန်ကောလိပ်ဘီအေများကို ပို၍ 'ဦးခေါင်းလျှိုး' မိ၏။ ကောလိပ်သို့မရောက်ဖူးဘဲ အလွတ်ပညာသင်အဖြစ်နှင့် ဘီအေအောင်ကြသည့်သူငယ်ချင်းများလည်း ရှိကြပါ၏။ ကျွန်ုပ်သည် ၎င်းတို့အား 'ဦးခေါင်းလျှိုး' ခြင်းကို မတွေ့ရပါ။ ထိုသို့ဆိုလျှင် သူကတော့ ရန်ကုန်ကောလိပ်ကျောင်းထွက်ဖြစ်၍ 'ဦးခေါင်းလျှိုး' ရမည်၊ သူကတော့ အလွတ်ပညာသင်အဖြစ်နှင့်အောင်သော ဘီအေဖြစ်သောကြောင့် 'ဦးခေါင်းလျှိုး' စရာမလိုဟူ၍ တမင်တကာတွက်ကိန်းပြုလုပ်ခြင်းကားမဟုတ်ရပါ။ ကျွန်ုပ်၏မျက်စိ၌ လူပုံလူပန်းနှင့် ဟန်ပန်အနေအထားကွာခြားခြင်းကိုတွေ့ရ၍ (Unconsciously) အလိုအလျောက်တွန့်မိခြင်းမျှသာဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

---

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုနှင့် အမှတ်(၄၁) မူးယစ်တပ်ဖွဲ့စု (ရန်ကုန်အရှေ့)တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမှတ် (၄၁) မူးယစ်တပ်ဖွဲ့စု (ရန်ကုန်အရှေ့)မှ ရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအမျိုးမျိုး၏ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဖြတ်သင်တန်းသားများအနေဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲရန်များစွာလိုအပ်သည့်အကြောင်းတို့နှင့်ပတ်သက်၍ အကျယ်တဝင့်အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လေ့ကျင့်မွေးထုတ်ထားသော စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများနှင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့တစ်ခုဖြစ်ပြီး မူးယစ်ဆေးဖြတ်သင်တန်းသားများကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် အသိပညာဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အသိပညာပေးဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



နိုင်လင်းအောင်(ပြန်/ဆက်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့စေလွှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးနိုင်ရေး အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA) နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများနှင့် ARA Academy ရုရှားဘာသာစကားကျွမ်းကျင်မှုသင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ကျင့်ဝတ်သိက္ခာမရှိသည့် လုပ်ငန်းရှင်များထံတွင် အလုပ်လုပ်ကိုင်ရပါက လုပ်ငန်းခွင်ပြဿနာအမျိုးမျိုးကြုံတွေ့ရခြင်း၊ နေထိုင်မှုဘဝမလုံခြုံခြင်း၊ အဓမ္မအလုပ်လုပ်ကိုင်ခိုင်းစေမှုများ ကြုံတွေ့ရခြင်း၊ အလုပ်ရှင်အလုပ်သမား ဖိနှိပ်ခွဲခြားဆက်ဆံမှုများကြုံတွေ့ရခြင်း၊ ကျွမ်းကျင်မှု အရည်အချင်းအလိုက် ရရှိရမည့်လုပ်ခလစာကို အသိအမှတ်ပြုမရရှိခြင်း၊ ဥပဒေအရ သတ်မှတ်ရက်အလိုက်ရရှိမည့် လုပ်ခလစာမရရှိခြင်းနှင့် လုပ်အားခ ပြည့်ဝစွာမရရှိခြင်း၊ အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်သက်တမ်းတိုးဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ပြည်ပနိုင်ငံများသို့စေလွှတ်မည့် မြန်မာလုပ်သားများအား သက်ဆိုင်ရာနိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ စေလွှတ်မည့်နိုင်ငံ၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ သတ်မှတ်အလုပ်ချိန်နှင့် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများရရှိရေးအတွက် အလုပ်ရှင် အလုပ်သမား သဘောတူညီချက်စာချုပ် ခိုင်မာစွာချုပ်ဆိုနိုင်ရေး၊ ပြည်ပနိုင်ငံများမှ မိသားစုလွှဲပို့ငွေများ စနစ်တကျလွှဲပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်ရာတွင်မိမိ၏သားသမီးများသဖွယ်သဘောထားပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို မြော်တွေးစဉ်းစား၍ ဂုဏ်သိက္ခာရှိသော ကုမ္ပဏီများအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ခြင်းရက်လုပ်နည်းသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်သည့် ခြင်းရက်လုပ်နည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းမှ သင်ကြားပို့ချပေးသည့် နည်းပညာများကို ကြိုးစားသင်ယူ၍ ကိုယ်ပိုင်အသေးစားလုပ်ငန်းများထူထောင်ပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်ကို အထောက်အကူပြုနိုင်သည့် စီးပွားဖြစ်လုပ်ငန်းများဆီသို့ တက်လှမ်းနိုင်ရေးအတွက် မိမိကျရာအခန်းကဏ္ဍမှအားကြိုးမာန်တက်ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သင်တန်းတွင် အသုံးပြုမည့် အထောက်အကူပစ္စည်းများနှင့် လက်တွေ့သင်ကြားဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သင်တန်းကို ယနေ့မှစ၍ ၁၀ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦးတက်ရောက်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။ (၅၀၀)

## ထူးခြားသည့်ညအပူချိန်များ

၂၄-၂-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | တီးတိန် | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၁၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | | မြစ်ကြီးနား | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | စစ်တွေ | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် ဆီထွက်သီးနှံဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်၏ပြောဆိုချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၌ လက်ရှိအချိန်ထိ မြေပဲ၊ နေကြာ၊ နှမ်း စသည့် ဆီထွက်သီးနှံ ၁၂၀၈၈ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ဆီထွက်သီးနှံမြေပဲ ၃၇၁၈ ဧက စိုက်ပျိုးရန်လျာထားသော်လည်း ၄၃၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။


နေကြာကို ၁၀၉၆၉ ဧက စိုက်ပျိုးရန်လျာထားကာ လက်ရှိအချိန်ထိ ၃၈၃၁ ဧက စိုက်ပျိုးထားပြီး လျာထားချက်ပြည့်မီရန် ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။ ထို့ပြင် နှမ်း ၅၁၀၄ ဧက စိုက်ပျိုးရန်လျာထားကာ ၃၉၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆီထွက်သီးနှံများကို ခရိုင်အလိုက်စိုက်ပျိုးရာတွင် သန်လျင်ခရိုင်၌ မြေပဲ ၃၉၈ ဧကစိုက်ပျိုးရန်လျာထားသော်လည်း လက်ရှိအချိန်ထိ ၂၄၄၂ ဧကဖြင့် အများဆုံးစိုက်ပျိုးထားပြီး နှမ်းကို လက်ရှိအချိန်ထိ ၃၈၉၅ ဧကဖြင့် တိုက်ကြီးခရိုင်၌ အများဆုံးစိုက်ပျိုးထားသည်။

နေကြာကို သန်လျင်ခရိုင်၌ ၁၁၁၈ ဧက စိုက်ပျိုးရန်လျာထားသော်လည်း လက်ရှိအချိန်ထိ ၁၄၄၄ ဧကဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး တိုက်ကြီးခရိုင်၌ နေကြာဧက ၃၅၀၀ စိုက်ပျိုးရန်လျာထားကာ လက်ရှိအချိန်ထိ ၃၇၈ ဧကအထိ အသီးသီးလျာထား စိုက်ပျိုးလျက်ရှိသည်။

ပြည်တွင်း၌ ဆီထွက်သီးနှံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်များကို ရည်မှန်းချက်အတိုင်းထွက်ရှိရေး ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီစားသုံးမှုဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝါဝါ




# ကော့မှူးမြို့နယ်၌ ကျားဝတ်အကျႌချုပ်နည်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄




ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျားဝတ်အကျႌချုပ်နည်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးသော အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကို အကျိုးရှိစွာ အသုံးချ၍ ကျွမ်းကျင်သော တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ ဖြစ်လာစေရေး ကြိုးစားကြရန် ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကို သုံးရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်သူရ(ပြန်/ဆက်)**

# လူငယ်နှင့် Vape အန္တရာယ်အကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီလ ၂၄ ရက်တွင် လူငယ်နှင့် Vape အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုဝင်းက လူငယ်များ Vape ကို သုံးစွဲနေကြခြင်းမှာ မှားယွင်းမှုဖြစ်ကြောင်း၊ Vape တွင် နီကိုတင်းဓာတ် အများအပြားပါဝင်နေပြီး အဆုတ်ကိုထိခိုက်စေသော ဓာတ်ပေါင်းပါဝင်သည့်အပြင် ကင်ဆာရောဂါကိုဖြစ်စေသည့် ဓာတုပစ္စည်းများနှင့် အငွေ့ပြန်လွယ်ပြီး အဆိပ်အတောက်ဖြစ်စေသော သတ္တုဓာတ်များ အများအပြားပါဝင်နေကြောင်း၊ Vape သည် စိတ်ပိုင်းဆိုင်ရာကိုလည်း ပြောင်းလဲမှုများဖြစ်စေပြီး စိတ်ဓာတ်ကျခြင်း၊ ဒေါသဖြစ်လွယ်ခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ သတိမေ့လွယ်ခြင်းများ ဖြစ်တတ်ကြောင်း၊ ပုံမှန်ဆေးလိပ်၊ အရက်သောက်သုံးသူများကဲ့သို့ ခံတွင်းနံ့နံခြင်း၊ သွားနှင့်ခံတွင်းရောဂါ၊ သွားကြိုတ်ခြင်း၊ ကိုယ်ခံအားကျဆင်းခြင်းများ ဖြစ်လာနိုင်ကြောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းကာ အွန်လိုင်းစနစ်ဖြင့် အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# ရေဖြူမြို့နယ် ကင်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်နှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

ရေဖြူ ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေဖြူမြို့နယ် ကင်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်နှင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများသည် ကင်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အရှည် ၆ ဖာလုံရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးမြင့်ဦးအောင်က ဆောင်ရွက်ပြီးလုပ်ငန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာရေရရှိရေးကော်မတီထံ စနစ်တကျလွှဲပြောင်းအပ်နှံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်နှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် ၁၉ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သုည ဒသမ ၉၉ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇန်နဝါရီလ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

# အာရုံခံစားမှုထက်မြက်ရေးနည်းလမ်းများ

ဒေါက်တာလွင်သန့်

◆ **ကလေးကို အိမ်အပြင်ထွက်ကစားခိုင်းသင့်ပါတယ်။ ကလေးတွေကို အိမ်ထဲမှာနေခိုင်းတဲ့ ဘဝနေထိုင်မှုပုံစံက ကလေးတွေရဲ့အမြင်အာရုံကိုထိခိုက်နိုင်ပြီး အဝေးမှုန်ပြဿနာဖြစ်နိုင်ခြေများတယ်လို့ ဗြိတိန်နိုင်ငံ ကမ်းဘရစ်ချ်တက္ကသိုလ်မှ သုတေသီကဆိုပါတယ်။ လေ့လာမှုအရ ကလေးတွေက အိမ်အပြင်မှာ ပုံမှန်တစ်နာရီလောက်ထွက်ကစားတိုင်း အဝေးမှုန်ပြဿနာဖြစ်နိုင်ခြေ ၂ ရာခိုင်နှုန်း လျော့နည်းနိုင်တယ်လို့သိရပါတယ်။**

◆ **ဆက်တိုက်အလုပ်မလုပ်ဘဲ အနားပေးသင့်ပါတယ်။ ကွန်ပျူတာ၊ လက်ပ်တော့နဲ့ အလုပ်လုပ်သူ၊ မီးအလင်းရောင်နဲ့အချိန်ကြာကြာအလုပ်လုပ်သူဖြစ်ရင် အဝေးမှုန်ဖြစ်နိုင်ခြေမြင့်မားတယ်လို့ ကယ်လီဖိုးနီးယားမှ မျက်စိအထူးကုဆရာဝန်တွေကပြောပါတယ်။ ဒါကြောင့် မျက်စိအနားရဖို့ Screen ရှေ့ကနေ ခေတ္တအနားယူပြီး မကြာခဏလမ်းလျှောက်ပေးသင့်ပါတယ်။**

လူတစ်ဦးအတွက် တစ်နေ့တာ ဦးနှောက်လေ့ကျင့်ခန်းစတင်ခြင်းက အာရုံစူးစိုက်မှုတိုးတက်စေပြီး မှတ်ဉာဏ်ထက်မြက်စေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကာယလေ့ကျင့်ခန်းတွေက ခန္ဓာကိုယ်ကိုအားကောင်းစေသလို ဦးနှောက်လေ့ကျင့်ခန်းတွေက စိတ်ကိုလှုံ့ဆော်ပေးပြီး စိတ်ပိုင်းဆိုင်ရာကို တက်ကြွစေပါတယ်။ ဦးနှောက်လေ့ကျင့်ခန်းကို နံနက်ခင်း ပုံမှန်လေ့ကျင့်ခန်းအစီအစဉ်မှာ ပေါင်းစပ်လုပ်ဆောင်ခြင်းအားဖြင့် ထိရောက်တဲ့ အကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်။

အာရုံငါးပါးရဲ့ခံစားမှုက အသက်ကြီးလာတာနဲ့အမျှ ကျဆင်းလာတတ်ပါတယ်။ လူတချို့မှာ ရောဂါဒဏ်ကြောင့် အာရုံခံစားမှု လျော့နည်းလာတတ်ပါတယ်။ ဒါပေမဲ့ ဖြေရှင်းနည်းအသစ်တွေကို သိပ္ပံပညာရှင်တွေက တီထွင်နေကြပါပြီ။

အမြင်အာရုံကို ကာကွယ်နိုင်ဖို့ ကိုယ့်ဦးနှောက်က သတင်းအချက်အလက်တွေကို တခြားအာရုံတွေထက် မျက်လုံးက ပိုမိုရရှိပါတယ်။ ကိုယ့်ရဲ့အသိစိတ်က ရတဲ့ သတင်းအချက်အလက်အားလုံးရဲ့ တစ်ဝက်ကို မျက်လုံးကတစ်ဆင့်ပေးနိုင်ပါတယ်။ အရေးကြီးတဲ့ ကိုယ်တွင်းအင်္ဂါကို ဒဏ်ရာမရအောင်နဲ့ ရောဂါမဖြစ်အောင် နည်းလမ်းတွေ ဖော်ပြပေးပါမယ်။

**မျက်လုံးတစ်ဝိုက် အသုံးပြုတဲ့မိတ်ကပ်ကို အနံ့ခံကြည့်သင့်တယ်။** မျက်တောင်ကော့ဆေးအပါအဝင် တခြား မျက်လုံးတစ်ဝိုက်အသုံးပြုတဲ့ မိတ်ကပ်တွေမှာ ဗက်တီးရီးယားပိုးမွှားတွေ တွယ်ကပ်နေတတ်ပါတယ်။ အဲဒီပိုးမွှားတွေကြောင့် မျက်လုံးထဲ ရောဂါပိုးဝင်ရောက်ကူးစက်နိုင်ပါတယ်။ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေက မျက်လုံးတစ်ဝိုက်အသုံးပြုတဲ့မိတ်ကပ်တွေကို သုံးလကြာရင် စွန့်ပစ်လိုက်ဖို့ အကြံပေးထားကြပါတယ်။ ကိုယ့်ရဲ့မိတ်ကပ်ပစ္စည်းတွေကို အစားအစာလိုမျိုး အသုံးမပြုမီ အနံ့ခံကြည့်တာမျိုး ပြုလုပ်သင့်ပါတယ်။ မျက်တောင်ကော့ဆေးတချို့က ရက်လွန်နေရင် အနံ့ထွက်လာတတ်ပါတယ်။

**Sunshine Coloured ရှိတဲ့ အစားအစာတွေ စားသင့်ပါတယ်။** အဝါရောင် သို့မဟုတ် လိမ္မော်ရောင်(Sunshine Coloured)လိုမျိုး အစားအစာတွေကို မျက်စိကျန်းမာရေးအတွက် စားသုံးသင့်ပါတယ်။

ကြက်ဥအနှစ်၊ မုန်လာဥနီနဲ့ ရွှေဖရုံသီးအပါအဝင် အဝါရောင် သို့မဟုတ် လိမ္မော်ရောင်ဟင်းသီးဟင်းရွက်တွေမှာ လူတိန်း (lutein) ပြည့်ဝစွာပါဝင်ပါတယ်။ အဲဒီအာဟာရတွေက အသက်အရွယ်ကြောင့်ဖြစ်တဲ့ မက်ကူလာချို့ယွင်းမှု (AMD–age related Macular degeneration) ကို ကာကွယ်နိုင်ပါတယ်။ AMD က အသက်ကြီးသူတွေမှာ မျက်စိကွယ်ရတဲ့ အဖြစ်များတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ အသက် ၅၀ အရွယ်မှာ ကြက်ဥအနှစ်ကဲ့သို့ အဝါရောင်ရှိတဲ့အစားအစာကို ပုံမှန်စားသုံးသူတွေက AMD ဖြစ်နိုင်ခြေနည်းတယ်လို့ အမေရိကန်နိုင်ငံ ဝစ်ကွန်စင်တက္ကသိုလ်မှ သုတေသီတစ်ဦးက ပြောကြားထားပါတယ်။ ကိုက်လန်၊ ကန်စွန်းရွက်၊ ဟင်းနုနယ်နဲ့ ပန်းဂေါ်ဖီစိမ်းအပါအဝင် ဟင်းသီးဟင်းရွက်တွေမှာလည်း တူညီတဲ့အကျိုးအာနိသင်ရှိတယ်လို့ဆိုပါတယ်။

**ကလေးကို အိမ်အပြင်ထွက်ကစားခိုင်းသင့်ပါတယ်။** ကလေးတွေကို အိမ်ထဲမှာနေခိုင်းတဲ့ ဘဝနေထိုင်မှုပုံစံက ကလေးတွေရဲ့အမြင်အာရုံကိုထိခိုက်နိုင်ပြီး အဝေးမှုန်ပြဿနာ ဖြစ်နိုင်ခြေများတယ်လို့ ဗြိတိန်နိုင်ငံ ကမ်းဘရစ်ချ်တက္ကသိုလ်မှ သုတေသီကဆိုပါတယ်။လေ့လာမှုအရ ကလေးတွေက အိမ်အပြင်မှာ ပုံမှန်တစ်နာရီလောက်ထွက်ကစားတိုင်း အဝေးမှုန်ပြဿနာဖြစ်နိုင်ခြေ ၂ ရာခိုင်နှုန်း လျော့နည်းနိုင်တယ်လို့သိရပါတယ်။

**ရေတိမ်အတွက် စစ်ဆေးမှုခံယူသင့်ပါတယ်။** ရေတိမ်က အမြင်အာရုံကွယ်ရတဲ့ အဓိကအကြောင်းရင်းဖြစ်ပြီး မျက်လုံးအတွင်း ဖိအားမြင့်တက်လာတာကြောင့်ဖြစ်ပါတယ်။ ရောဂါရှိမှန်းစောစောသိရင် မျက်စဉ်းဆေးကြောင့် မျက်စိအာရုံကြော (Optic Nerve) မပျက်စီးအောင် ကာကွယ်နိုင်ပါတယ်။ (၁) မိသားစုဝင်ထဲမှာ ရေတိမ်ရောဂါရှိနေရင်၊ (၂)အဝေးမှုန်နေရင်၊ (၃) ဆီးချိုရောဂါရှိနေရင်၊ (၄) အာဖရိက၊ ကာရေဘီယမ်လူမျိုးဖြစ်နေရင် နှစ်နှစ်တစ်ကြိမ် ရေတိမ်အတွက် စမ်းသပ်စစ်ဆေးမှုခံယူသင့်တယ်လို့ အပြည်ပြည်ဆိုင်ရာ ရေတိမ်အဖွဲ့က အကြံပေးထားပါတယ်။

**ဆက်တိုက်အလုပ်မလုပ်ဘဲ အနားပေးသင့်ပါတယ်။** ကွန်ပျူတာ၊ လက်ပ်တော့နဲ့ အလုပ်လုပ်သူ၊ မီးအလင်းရောင်နဲ့ အချိန်ကြာကြာအလုပ်လုပ်သူဖြစ်ရင် အဝေးမှုန်ဖြစ်နိုင်ခြေမြင့်မားတယ်လို့ ကယ်လီဖိုးနီးယားမှ မျက်စိအထူးကုဆရာဝန်တွေကပြောပါတယ်။ ဒါကြောင့် မျက်စိအနားရဖို့ Screen ရှေ့ကနေ ခေတ္တအနားယူပြီး မကြာခဏလမ်းလျှောက်ပေးသင့်ပါတယ်။

**မျက်လုံးအတွက် အကာအကွယ်ဝတ်ဆင်ထားသင့်ပါတယ်။** ရေကူးကန်ထဲမှာ မျက်လုံးထဲ ကလိုရင်းမဝင်အောင် အကာအကွယ်မျက်မှန်ဝတ်ဆင်သင့်သလို စက်ဘီးစီးတာ၊ သဲကိုင်တာ၊ လွှဖြတ်တာ၊ ဂဟေဆော်တာ၊ ဥယျာဉ်ခြံလုပ်တာ (ဝါး၊ ကြိမ်၊ ဆူးတွေကြောင့် မျက်လုံးအတွက် အန္တရာယ်အလွန်များပါတယ်။) တွေမှာလည်း မျက်လုံးအတွက် အကာအကွယ်ဝတ်ဆင်ထားရပါမယ်။ ဆူး၊ ဖုန်မှုန့်နဲ့သဲလိုမျိုး အမှုန်လေးတွေ မျက်လုံးထဲဝင်ရင် မြင်လွှာပွန်းပဲ့နိုင်ပြီး အမြင်အာရုံဆုံးရှုံးနိုင်ပါတယ်။ မျက်လုံးဒဏ်ရာမရစေဖို့ အကာအကွယ်ဖြစ်တဲ့ မျက်မှန်ကြောင့် ၉၀ ရာခိုင်နှုန်း ရှောင်ကြဉ်နိုင်ပါတယ်။

**မိနစ် ၄၀ ခန့် လမ်းလျှောက်သင့်ပါတယ်။** ကိုယ့်မှာ မျက်စိရေတိမ်ရောဂါရှိနေရင် သို့မဟုတ် ရောဂါဖြစ်ဖို့ မြင့်မားနိုင်ခြေရှိသူဖြစ်ရင် လမ်းလျှောက်တာကြောင့် ကြွခိုင်မှုရှိနေတဲ့အတွက် ရောဂါဖြစ်နိုင်ခြေနည်းပါးပါတယ်။ နှစ် ၂၀ ခန့်ပြုလုပ်တဲ့ လေ့လာမှုတွေအရ မျက်စိရေတိမ်ရောဂါရှိသူတွေအနက် တစ်ကြိမ်ကို မိနစ် ၄၀ နှုန်းနဲ့ တစ်ပတ်လေးကြိမ် လမ်းမြန်မြန်လျှောက်သူတွေက မျက်စိအတွင်း ဖိအားလျော့ကျလာပြီး ရေတိမ်ရောဂါအတွက် ဆေးအသုံးပြုရတာ ရပ်တန့်နိုင်တယ်လို့ သိရပါတယ်။

**တရားထိုင်သင့်ပါတယ်။** တရားထိုင်ခြင်းက နှာသီးဝကနေ ဝင်လေသိ၊ ထွက်လေသိ ရှုမှတ်နေပြီး အသိကပ်နေလို့ စိတ်ဖိစီးမှုကိုလျော့ကျစေတဲ့အပြင် အာရုံစူးစိုက်မှုကို ထက်မြက်စေပါတယ်။ အာရုံထွေပြားမှုကိုလျှော့ချပေးလို့ စိတ်ဆန္ဒရှိသလောက်အလုပ်လုပ်နိုင်ပါတယ်။ ဒါ့ပြင် မှတ်ဉာဏ်လည်းကောင်းစေပါတယ်။

**အတွေးအခေါ် စိတ်ခံစားမှုများနဲ့ ရည်မှန်းချက်ကိုချရေးပေးပါ။** အတွေးအခေါ်နဲ့ စိတ်ခံစားမှုကို ချရေးခြင်းက တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးပါတယ်။ ဒါ့ပြင် စိတ်ပိုင်းဆိုင်ရာထိန်းညှိမှုကို ပိုမိုကောင်းမွန်စေပြီး မှတ်ဉာဏ်အားကောင်းစေပါတယ်။ ရည်မှန်းချက်တွေကို ချရေးခြင်းက အတွေးတွေကိုစုစည်းပြီး ပြဿနာဖြေရှင်းဖို့အတွက် ဦးနှောက်ကိုပြင်ဆင်မှုပြုလုပ်ပေးပါတယ်။ စိတ်ပိုင်းဆိုင်ရာခံနိုင်ရည်ရှိဖို့နဲ့ စိတ်ပိုင်းဆိုင်ရာ၊ သုခချမ်းသာကိုပြုစုပျိုးထောင်ဖို့အတွက် အပြုသဘောဆောင်တဲ့တွေးခေါ်မှုကို လေ့ကျင့်သင့်ပါတယ်။ အတွေးများ၊ အစီအစဉ်များနဲ့ ကျေးဇူးတင်တဲ့အကြောင်းအရာတို့ကို နေ့စဉ်မှတ်စုမှာချရေးသင့်ပါတယ်။

**အလုပ်နှစ်ခုကို တစ်ပြိုင်နက်လုပ်ဆောင်သင့်ပါတယ်။** အလုပ်နှစ်ခု သို့မဟုတ် ထိုထက်ပိုတဲ့လုပ်ဆောင်ချက်တွေကို တစ်ချိန်တည်းမှာလုပ်ဆောင်ခြင်းက မတူညီတဲ့ဦးနှောက်အစိတ်အပိုင်းများကြား ပေါင်းစည်းညှိနှိုင်းမှုကို ပိုမိုကောင်းမွန်စေပြီး သိမြင်မှု၊ အလုပ်များစွာလုပ်ဆောင်မှုနဲ့ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တိုးတက်စေပါတယ်။ လူအများစုက သတိမထားမိကြဘဲ တစ်နေ့တာအတွင်း အလုပ်နှစ်ခုကို လုပ်ဆောင်နေကြရပါတယ်။ ဥပမာ–ဖုန်းပြောနေစဉ်လမ်းလျှောက်ခြင်း၊ ညစာချက်ပြုတ်နေစဉ် သို့မဟုတ် ဦးတည်ရာကို ကားမောင်းနေစဉ် သတင်းနားထောင်နေခြင်းတို့ဖြစ်ပါတယ်။

**ကျွမ်းကျင်မှုအသစ်အဆန်းကို သင်ယူခြင်းပြုလုပ်ပါ။** ကျွမ်းကျင်မှုအသစ်ကို သင်ယူခြင်းက ဦးနှောက်နဲ့အာရုံကြောချိတ်ဆက်မှုအသစ်များကို လိုက်လျောညီထွေဖြစ်စေပြီး ရေရှည်မှတ်ဉာဏ်ကို တိုးတက်စေပါတယ်။ ဘာသာစကားအသစ်သင်ခြင်း၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ဂီတတူရိယာတီးခတ်ခြင်းနဲ့ ဗီဒီယိုသင်ခန်းစာတို့များ စတဲ့ကျွမ်းကျင်မှုအသစ်တစ်ခုကို နံနက်တိုင်း ၁၅ မိနစ်ခန့်အချိန်ပေးပြီး သင်ယူသင့်ပါတယ်။ နည်းနည်းနဲ့မှန်မှန်တိုးတက်လာမှုကို အာရုံစိုက်သင့်ပါတယ်။ ဒါတွေလိုက်နာရင် အာရုံစူးစိုက်မှုထက်မြက်စေပြီး အယ်လ်ဇိုင်းမားရောဂါဖြစ်ခြင်းကို ကာကွယ်နိုင်ပါတယ်။

# သုံးခွမြို့နယ် မဟာမိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာမိတ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် တခြားဆီထွက်သီးနှံများ စိုက်ပျိုးနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းက ချေးငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မဟာမိတ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မဟာမိတ်ကျေးရွာရှိ နေကြာအပါအဝင် တခြားဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၇ ဦးအတွက် ရန်ပုံငွေ ငွေကျပ်သိန်း ၁၁၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

# ပညာရေးဘွဲ့ (စာပေးစာယူ) ဘွဲ့ရရှိသူများအား ဘွဲ့အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ (စာပေးစာယူ) (EDC) အပတ်စဉ် (၃/ ၂၀၂၃)ဘွဲ့ရရှိသူများအားဘွဲ့အပ်နှင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဘွဲ့နှင်းသဘင်အခမ်းအနားတွင်စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က ပညာရေးဘွဲ့ (Bed)(စာပေးစာယူ) (EDC) အပတ်စဉ် (၃/ ၂၀၂၃)တွင် ဘွဲ့ရရှိကြသည့် မိတ္ထီလာ၊ ပခုက္ကူပညာရေးဒီဂရီကောလိပ် တို့မှ ဘွဲ့ရရှိသူများအား ဘွဲ့များအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၂၅ )ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်မှ ဖေဖော်ဝါရီလ ၂၃ရက်အထိ ကျင်းပခဲ့ရာ ပါရဂူဘွဲ့ ၂၁ ဦး၊ မဟာပညာရေးဘွဲ့ ၁၅၀၃ ဦး၊ မဟာဒဿနဘွဲ့ ၁၃၀ ဦး၊ ပညာရေးဘွဲ့ ၉၅၁၇ ဦး၊ ပညာရေးဘွဲ့ (စာပေးစာယူ) ၂၀၁၉၃ ဦး၊ ပညာရေးဘွဲ့ (EDC)(စာပေးစာယူ) ၁၂၃၁၀ ဦး၊ PGDT ၂၇၄၂ ဦး၊ PGDMA ၂၉၅၁ ဦး စုစုပေါင်း ၄၉၃၆၇ ဦးအား ဘွဲ့များအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံစုံ ဧက ၃၂၀၀၀ ကျော်ရိတ်သိမ်းပြီးစီး

**ကျွန်းလှ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ဒေသတွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ ဧက ၃၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းရာသီတွင် ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၁၂၂၉ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၄၅၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

“ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစိုက်ပျိုးဖို့ ၃၄၈၆၄ ဧကလျာထားပြီး ၃၅၂၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ထက် ဧက ၄၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ပြီး လက်ရှိအချိန်အထိ ၃၂၀၈၉ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ သီးနှံတွေကိုလည်း ဆက်လက်ရိတ်သိမ်းနေကြပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



စိုက်ပျိုးထားသည့် ဆီထွက်သီးနှံစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးခြင်းတို့ဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့်ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျေးရွာတွင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**လဲချား ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်ဆိုင်ကျေးရွာ၌ ကျေးရွာတွင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက နောင်ဆိုင်ကျေးရွာ၌ ကျေးရွာတွင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တံတားကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဆိုင်ကျေးရွာ၌ အလျားပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့် ၉ လက်မရှိသည့် ကျေးရွာတွင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ပြိုင်ပွဲ ခိုင်မြဲ အနိုင်နွှဲ

* စစ်တီးဝိုင်းပြိုင်၊ မြိုင်မြိုင်လော၊ မြိုင်မြိုင်လော။
ဟုတ်တည်း ရှင်ချင်း ရှင်ချင်း။
ဟုတ်တည်း ဆွေရင်း ဆွေရင်း။
ဟုတ်တည်း နောင်ရင်း နောင်ရင်း။

* စစ်ချီတီးသံ၊ မိုးထက်ညံ
အောင်လံမြင့်မား၊ တပ်မတော်သား
ဝင့်ကြွား လွှမ်းတင့်တယ်၊ လွှမ်းတင့်တယ်။

* ကျွမ်းကျင်လိမ္မာ၊ တတ်မြောက်ရာ
ပညာပြည့်ကြတယ်၊ ပြည့်ကြတယ်။

* လုပ္ပရွှင်မြူး၊ ပျော်ဖွယ်ထူး
ကြည်နူးရင်မှာကွယ်၊ ရင်မှာကွယ်။

* ဘယ်ညာညီညီ၊ လျှောက်လှမ်းချီ
ရွှင်ကြည်သွက်လက်တယ်၊ သွက်လက်တယ်။

* စိတ်ဓာတ်ခွန်အား၊ ရဲမာန်ကြွား
ထင်ရှားမြင်သာဖွယ်၊ မြင်သာဖွယ်။

* နှစ်ရှစ်ဆယ်ပြည့်၊ တပ်မတော်နေ့
ချမ်းမြေ့ဂုဏ်ယူတယ်၊ ဂုဏ်ယူတယ်။

* ကြည့်ရှုကြသူ၊ များပြည်သူ
တူညီဝမ်းမြောက်တယ်၊ ဝမ်းမြောက်တယ်။

* ပြိုင်ပွဲဝင်ထား၊ တီးဝိုင်းများ
ဆုများရစေကွယ်၊ ရစေကွယ်။

* (၃၁)ကြိမ်မြောက်၊ ချိန်ခါရောက်
ထွန်းတောက်လှပတယ်၊ လှပတယ်။

* စစ်ချီစစ်သည်၊ တေးစုံညီ
ပီပြင်ကြားရ၊ လွှမ်းတက်ကြွ
မြန်မာ့စစ်သည် ပီသတယ်၊ ပီသတယ်။

* တပ်မတော်မှာ၊ အစဉ်လာ
ဆက်ကာ ထိန်းကြတယ်၊ ထိန်းကြတယ်။

* ပြိုင်ပွဲမှာနိုင်၊ ပြုံးပျော်ပိုင်
လှိုင်လှိုင်ဝင့်ကြွားမယ်၊ ဝင့်ကြွားမယ်။

* စစ်ခရာသံ၊ မိုးထက်ညံ
အားမာန် တက်စေတယ်၊ တက်စေတယ်။

* ပြိုင်ပွဲလော၊ ခိုင်မြဲလော၊ အနိုင်နွှဲလော။ ။

**အာကာမောင်မောင်**

# မြိတ်မြို့၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရိပ်သာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၃၀ ပါးနှင့် ဒေသခံပြည်သူ ၉ ဦးတို့အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နှော်တောင်တွေ့ဆုံ၊ အားကစားကွင်း / အားကစားရုံများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နှော်တောင်သည် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများနှင့်အတူ လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏကွင်းရှိအမျိုးသား၊ အမျိုးသမီးလေးထပ်တည်းခိုဆောင်သို့ရောက်ရှိပြီး မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရှိ ဆောင်းရာသီသင်တန်းတွင် အားကစားသမားများလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံပြင်ဆင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်လက်ရွေးစင်အားကစားသမားများလေ့ကျင့်နေမှု၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တွင် Cycling E-Sport National Championship 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများ Indoor Trainer ဖြင့် လေ့ကျင့်နေမှု၊ ပဒေသာအားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းမြက်ခင်းပြင်ဆင်နေမှု၊ အားကစားကွင်း/အားကစားရုံများနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံးဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဒေသာအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ (YTC)ဘောလုံးကွင်းသို့ ရောက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA အကူအညီဖြင့်တည်ဆောက်မည့် Outdoor မြက်ခင်းတု ဖူဆယ်အသင်းလေ့ကျင့်ရေးကွင်း(၁) နှင့် (၂) အကြီးစားပြင်ဆင်နေမှုကြည့်ရှုစစ်ဆေးပြီး ဘောလုံးအကယ်ဒမီ (ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌အဖွဲ့ချုပ်အမှုဆောင်အဖွဲ့တို့နှင့် တွေ့ဆုံပြီး လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ဖူဆယ်အသင်းများ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်နှင့် ဘောလုံးမျိုးဆက်သစ်များပေါ်ထွက်လာစေရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များကိုတွေ့ဆုံ၍ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးမှာကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၌ တင်းနစ်ကွင်းများပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မျိုးဆက်သစ် တင်းနစ်အားကစားသမားများလေ့ကျင့်နေမှု၊ သိမ်ဖြူလက်ဝှေ့အားကစားရုံ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလို




နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအတွင်းမှ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကြီးများတွင် ခရီးသွားလုပ်ငန်းသည် ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေသည့်အတွက် ဝန်ထမ်းများက အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံညွှန်ကြား ရေးမှူးက တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ရောက်ရှိမှု၊ လုပ်ငန်းလိုင်စင်များခွင့်ပြုပေးထားမှု၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)ရှိ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများထားရှိမှု၊ သက်မွေးပညာသင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုနှင့် မကြာမီဖွင့်လှစ်မည့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးဆောင်ရွက်ရာတွင် မူဝါဒများကို ချမှတ်ပေးပြီး ပုဂ္ဂလိက ကဏ္ဍကသာ အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်တိုးတက်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းသာမက ပြည်ပခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက်ကိုပါ အလေးထားသည့်အတွက် အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများက ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာရေးကို အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက အသင်းလိုက်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ခရီးသွားဈေးကွက်ရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ဥပဒေသဘောတရားများ သိရှိနားလည်ပြီး ဥပဒေအား လေးစားလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ လုပ်ငန်းအလိုက် ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအသိပညာများကိုလည်း သိရှိရန်လိုအပ်သလို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင်လည်း လက်တွေ့သိရှိလိုက်နာ ကျင့်သုံးနိုင်ခြင်းဖြင့် ပေးအပ်သောတာဝန်များကို နည်းလမ်းမှန်ကန်စွာ၊ စွမ်းဆောင်ရည်မြင့်မားစွာ၊ ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်သည့် အရည်အသွေးများ ရရှိလာနိုင်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လျှပ်စစ်ဥပဒေအပါအဝင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းများနှင့် ဆက်နွယ်နေသော မြေယာဆိုင်ရာဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများနှင့် ဥပဒေမူကြမ်းရေးဆွဲခြင်း စသည်တို့အပါအဝင် ဘာသာရပ် ၁၁ မျိုးကို အသိပညာပြန့်ပွားစေရေး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၇ ရက်ထိ သင်တန်းသား ၂၅ ဦး ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်နှင့်တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ရာဇဌာနီလမ်းဘေးရှိ ကွင်းအမှတ် ၁၆၄၁ အတွင်း ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကွင်းအမှတ် ၁၆၄၁ ဆောင်းနေကြာ မျိုးစေ့ထုတ်စိုက်ခင်းတွင် ဆင်းရွှေကြာ-၂နေကြာစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅/၇ နဝင်းချောင်းတံတား(အဆုံတံတား) ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နေပြည်တော် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် Gabion Box ကမ်းထိန်းနံရံ၊ မြစ်ကြောင်းဖြောင့်ခြင်းနှင့် Guide Wall တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာအနီး တောင်သူများစိုက်ပျိုးထားသည့် ပန်းမုန်လာ၊ ပန်းစိမ်း၊ ဂေါ်ဖီ၊ ဖူးစားပြောင်း၊ ကြက်သွန်စသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ စက်ရက်ကန်းအလုပ်ရုံလုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့်ပိတ်စများ ထုတ်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် ဒေသမှထွက်ရှိသည့် ဝါကုန်ကြမ်းများကိုအသုံးပြုနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်ရရှိရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်သည့် "မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ်(၂၀၂၄) မြန်မာနိုင်ငံ" ဖွင့်ပွဲအခမ်းအနားကျင်းပ



ညောင်ဦး ဖေဖော်ဝါရီ ၂၄

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ဆောင်ရွက်သည့် "မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ် (၂၀၂၄) မြန်မာနိုင်ငံ"အစီအစဉ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ရှိ Royal Palace Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် သံရုံးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ပန်းချီပညာရှင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ပန်းချီပညာရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိက ၂၀၁၆ ခုနှစ်တွင်"မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Lancang-Mekong Cooperation LMC)" ကို စတင်ထူထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အတူတကွပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြကြောင်း။

ယခုအစီအစဉ်သည် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ရိုးရာပန်းချီကားများကို မိမိတို့လူမျိုးတို့၏ ရိုးရာအတိုင်းရေးဆွဲရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်နိုင်စေရေးတို့အတွက် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံမှ လူငယ်များအား ဖိတ်ခေါ်၍ ကျင်းပရခြင်းဖြစ်ပြီး Let's Preserve Mekong-Lancang Cultural Heritage "မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းကြပါစို့" ဟူသော ဦးတည်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပုဂံမြို့သည် မဲခေါင်-လန်ချန်းဒေသတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်ပြီး မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံမှုကြာမြင့်ခဲ့သည့် ယဉ်ကျေးမှုမြို့တော်ဖြစ်သည့်အတွက် ယခုအစီအစဉ်ကို ပုဂံမြို့တွင် ပြုလုပ်ရခြင်းသည် အနှစ်သာရ ပိုမိုပြည့်ဝမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ထို့နောက် တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌက Video conferencing စနစ်ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ်ကို ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်အရ ဒေသတွင်းနိုင်ငံများမှ ပန်းချီပညာရှင်များသည် ပုဂံယဉ်ကျေးမှုနယ်မြေ၌ လက်တွေ့ကွင်းဆင်းပန်းချီများဖန်တီးခြင်း၊ ရိုးရာပန်းချီအနုပညာဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ ပန်းချီအနုပညာပြပွဲခင်းကျင်းပြသခြင်း၊ ယဉ်ကျေးမှုလေ့လာရေးခရီးစဉ်သွားရောက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ရွှေစည်းခုံစေတီတော်ဂေါပကရုံး၌ ကျင်းပခဲ့သည့် ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးဘက်စုံလွှမ်းခြုံသောအစီအစဉ်( Master Plan) ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းကြရန်မှာကြားခဲ့ပြီး စေတီတော် ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများနှင့် အရှေ့ဘက်စောင်းတန်းတစ်လျှောက်ရှိဈေးဆိုင်တန်းများ နေရာချထားမည့် လျာထားနေရာများနှင့် ယာဉ်ရပ်နားရန် သတ်မှတ်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ပန်းချီပညာရှင်များ Outdoor Painting ရေးဆွဲနေသည့် ဘုရားသုံးဆူဘုရားသို့ သွားရောက်၍ ပန်းချီကားများ ဖန်တီးရေးဆွဲနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးများက အွန်လိုင်းမှပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးအတွက် သစ်တောသစ်ပင်များ၏အခန်းကဏ္ဍသည်အရေးကြီးသည့်အတွက်သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသကဲ့သို့ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးဖြစ်ပေါ်စေသည့်အတွက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ပလတ်စတစ်ညစ်ညမ်းမှုလျော့ကျစေရေး တို့ကို ရေရှည်အစီအမံများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်ခါသုံးပလတ်စတစ် လျှော့ချရေး၊ ပြန်လည်အသုံးပြုရေးအတွက် 3R (Reduce၊ Reuse၊ Recycle) ကို ဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျော့ချနိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပေါ်မှုအား ၂၀၂၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၂၈ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင်၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာဌာနများအနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှု၊ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာသူများသည်ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီလ ၂၀ ရက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ အသက် ၂၆ နှစ်ရှိ အမျိုးသားလူနာနှင့် ဇနီးဖြစ်သူ အသက် ၂၆ နှစ်ကျောက်ကပ်အလှူရှင်တို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီလ ၂၀ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ဆောင်ရွက်ပြီးစီးသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ခွဲစိတ်ပြီးကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက လိုအပ်သော ပြုစုကုသမှုများကို အနီးကပ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပါမောက္ခဒေါက်တာကိုကိုနိုင်နှင့် ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင်တို့ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ လမင်းဝင်းနှင့် ပါမောက္ခဒေါက်တာကျော်စိုးကျော်တို့ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းကျော်နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာသတိုးသိန်းဇံတို့ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာမီမီသော်နှင့် ပါမောက္ခဒေါက်တာမူမူနိုင်တို့ ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်နှင့် ပါမောက္ခ ဒေါက်တာနီလာဝင်းတို့ဦးဆောင်သော ရောဂါရှာဖွေရေးနှင့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာသန္တာလွင် ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်သို့သွားရောက်ကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သောလူနာနှင့် ကျောက်ကပ်အလှူရှင်တို့ကို ကြည့်ရှုအားပေးပြီး အာဟာရပြည့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ဂုဏ်ပြုစကားပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၁၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မတ်လ၌ (၈၂)ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီရပ်နားခဲ့ရကာ ယခု(၈၃)ကြိမ်မြောက်အဖြစ်ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်သည်၊ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ပြည်သူ့ဆေးရုံများအနေဖြင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌လည်းကောင်း၊ တပ်မတော်ဆေးရုံများအနေဖြင့် ရန်ကုန်ရှိ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ နေပြည်တော်ရှိ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)နှင့် အောင်ပန်းရှိ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တို့၌လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံနှင့် ကန်သာယာဆေးရုံတို့၌လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ကျန်းမာသုတ
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း ငါသူတစ်ပါးယောကျာ်း မိန်းမ(ပထမပိုင်း) သရုပ်ဆောင်-ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ (ဒါရိုက်တာ- အကယ်ဒမီပန်းချီစိုးမိုး)

# စိုက်ပျိုးရေးကိုအခြေခံသော MSME လုပ်ငန်းများ

□—— သနပ်ခါး(YAU) ——□

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အလေးထားလိုက်နာဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ရှိသည့်အနက် စီးပွားရေးဦးတည်ချက်(၃)ရပ်မှာ-

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်သည်။

ဦးတည်ချက်(၃)ရပ်အနက်ဦးတည်ချက်(က)နှင့်(ဂ)သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် အဓိကတာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် အဆိုပါဦးတည်ချက်များ ပြည့်မီအောင်ဆောင်ရွက်ပြီး ဦးတည်ချက်(ခ)အရ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်နှင့်မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏ မျှော်မှန်းချက်အနေဖြင့် **“အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားရေရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်”**ဖြစ်ပြီး မျှော်မှန်းချက်ပြည့်မီရေးအတွက် **“ကျေးလက်နေပြည်သူများနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများအား ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနည်းပညာများ၊ ပြုပြင်ထုပ်ပိုးနည်းလမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနည်းလမ်းများနှင့် ဈေးကွက်ဆိုင်ရာနည်းပညာများကိုအသုံးပြု၍ ဖွံ့ဖြိုးတိုးတက်လာသော ပြည်တွင်းပြည်ပဈေးကွက်ဝယ်လိုအားနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရာတွင် အထောက်အကူပြုနိုင်ရေး ဆောင်ရွက်ရန်”**ဟူသည့် လုပ်ငန်းတာဝန်အားထမ်းဆောင်လျက်ရှိသည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)တွင် လယ်ယာကဏ္ဍကြီး၏ပါဝင်မှုမှာ ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် ၃ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ ပြည်ပတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၅၅၄ ဒသမ ၃၈ သန်း(**လယ်ယာထွက်ကုန်** အမေရိကန်ဒေါ်လာ ၃၈၃၁ ဒသမ ၃၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းအမေရိကန်ဒေါ်လာ ၈ ဒသမ ၂၃ သန်းနှင့် **ရေထွက်ပစ္စည်း** အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈၄ သန်း) ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ၏ ဆောင်ရွက်နိုင်မှုအနေဖြင့် စိုက်ပျိုးမြေဧရိယာဧက ၃၀ ဒသမ ၉၇၅ သန်းရှိပြီး အဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ရော်ဘာနှင့်ချက်ကြံရင့် စသည့်သီးနှံများအပါအဝင်သီးနှံ ၆၀ မျိုးကို စုစုပေါင်းစိုက်ဧက ၅၀ ဒသမ ၄၀ သန်းကျော်စိုက်ပျိုးလျက်ရှိသည်။ မိုးစပါးဧက ၁၄ ဒသမ ၉၉ သန်း၊ နွေစပါးဧက ၂ ဒသမ ၉၉ သန်း၊ ဆီထွက်သီးနှံဧက ၈ ဒသမ ၇၇ သန်း၊ ပဲမျိုးစုံ စုစုပေါင်းဧက ၁၀ ဒသမ ၂၈ သန်း၊ ဝါစုစုပေါင်းဧက သုည ဒသမ ၆၀ သန်း၊ ချက်ကြံရင့်ဧက သုည ဒသမ ၄၂ သန်း စသည်တို့စိုက်ပျိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃၅ ရာခိုင်နှုန်းခန့်သည် လယ်ယာ၊ သားငါး၊ သစ်တောနှင့်နီးနွှယ်သည့်အလုပ်များကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျေးလက်ဒေသ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကို မြှင့်တင်နိုင်ခြင်းဖြင့် ပြည်သူအများစု၏လူမှုစီးပွားဘဝများကို မြင့်မားလာစေမည်လည်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် “မျိုး၊ မြေ၊ ရေ၊ နည်း”ဟူ၍ အခြေခံ(၄)ရပ်ရှိရာ သီးနှံမျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးခြင်း၊ မြေကိုစနစ်တကျပြုပြင်ပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများပေးဝေခြင်း၊ စိုက်ပျိုးရေလိုအပ်ချိန်တွင် အောင်ရေရရှိအောင်ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များဖြန့်ဝေခြင်းတို့ လိုအပ်နိုင်သော်လည်း အဓိကအကျဆုံးမှာ တောင်သူများကိုယ်တိုင်ပင်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသောကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများထူထောင်လုပ်ကိုင်ခြင်းဖြင့် ရရှိသောကုန်ချောများကို တင်ပို့ရောင်းချခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်ပဝင်ငွေတိုးတက်ရရှိလာနိုင်မည်ဖြစ်သောကြောင့် ကုန်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များသည် တိုင်းပြည်၏ အဓိကမောင်းနှင်အားပင်ဖြစ်ပြီး နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်သည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ(Small and Medium Enterprises-SME)ကို ထုတ်လုပ်မှုလုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့်အခြားလုပ်ငန်းဟူ၍ လေးမျိုးခွဲခြားထားကြောင်း သိရှိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲအနေဖြင့် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်သည့် MSME လုပ်ငန်းများကို တိုက်ရိုက်လုပ်ကိုင်ခြင်းမရှိသော်လည်း တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကုန်ချောထုတ်လုပ်ရာတွင် စိုက်ခင်းများမှထွက်ရှိလာသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ(ကုန်ကြမ်း)များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ရန်အတွက် သုတေသနလုပ်ငန်းများ၊ သီးနှံများ၏ရိတ်သိမ်းချိန်လွန်သုတေသနလုပ်ငန်းများ၊ တောင်သူပညာပေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသောဌာနခွဲတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်သည့် (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အခြေခံကျသည့် ကုန်ကြမ်းပစ္စည်းဖြစ်သော အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် မျိုးစေ့ထုတ်လုပ်ငန်း၊ သုတေသနရလဒ်များကိုအခြေခံ၍ စိုက်ပျိုးနည်းစနစ်များနှင့်ရိတ်သိမ်းချိန်လွန် နည်းပညာများအား တောင်သူပညာပေးခြင်းလုပ်ငန်း၊ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာ ဌာနခွဲအနေဖြင့် ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ်လုပ်ငန်း၊ သစ်သီးဝလံပျိုးပင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်သုတေသနလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(VFRDC)တွင် အဓိကဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌တည်ရှိသောအပင်ဇီဝနည်းပညာဗဟိုဌာန(Plant Biotechnology Center)တွင် အပင် Tissue Culture နည်းပညာ၊ Genetic Engineering နည်းပညာ စသည့်နည်းပညာများဖြင့် အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အပြင် စပါး၊ ဝါ စသည့်နှံစားသီးနှံများကိုပါ သုတေသနပြုဆောင်ရွက်ခြင်း၊ မျိုးသစ်ထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## ⏭ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်သည့် (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အခြေခံကျသည့် ကုန်ကြမ်းပစ္စည်းဖြစ်သောအရည်အသွေးကောင်း ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်၊ မျိုးစေ့ထုတ်လုပ်ငန်း၊ သုတေသနရလဒ်များကို အခြေခံ၍ စိုက်ပျိုးနည်းစနစ်များနှင့်ရိတ်သိမ်းချိန်လွန် နည်းပညာများအား တောင်သူပညာပေး . . .

MSME လုပ်ငန်းများတွင် အဓိကလိုအပ်သော အရည်အသွေးကောင်း စိုက်ပျိုးရေးထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်သည့် နည်းပညာများဖြန့်ဝေပေးနိုင်ရန်အတွက် ဥယျာဉ်-ဇီဝဌာနခွဲအောက်ရှိနေပြည်တော်တိုင်းဒေသကြီး ရေဆင်းနယ်မြေတွင် တည်ရှိသော ရိတ်သိမ်းချိန်လွန်နည်းပညာသုတေသနဌာန(PHRI)နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ရှိသော ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း(PHTTC)တို့မှလည်း သီးနှံရိတ်သိမ်းချိန်တွင် ဆောင်ရွက်ရမည့်နည်းပညာ၊ သိုလှောင်နည်းပညာ၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနည်းပညာများကို သုတေသနပြုခြင်း၊ ခာတ်ခွဲစမ်းသပ်ပေးခြင်း၊ တောင်သူများနှင့်လုပ်ငန်းရှင်များသို့ စာတွေ့၊ လက်တွေ့သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ GAP လုပ်ငန်းကို ၂၀၁၆ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စားသုံးသူများ အစားအစာဘေးကင်းရန်နှင့် တောင်သူများ၊ MSME လုပ်ငန်းရှင်များအတွက် ဈေးကွက်ရရှိရန် ရည်ရွယ်လျက် စိုက်ပျိုးရေးထွက်ကုန်သီးနှံများအပေါ် မြန်မာ GAP အသိအမှတ်ပြုလက်မှတ်များထုတ်ပေး၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်မြန်မာ GAP လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကလုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သော

(၁) မြန်မာ GAP နည်းစနစ်လိုက်နာကျင့်သုံးရန် နည်းပညာပေးခြင်း၊

(၂) မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

GAP (စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ)ဆိုသည်မှာ မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်းလမ်းညွှန်မှုများဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အစားအစာဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ဈေးကွက်ရရှိရန်တို့ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သရက်စိုက်တောင်သူများအနက်မှ ပုဂ္ဂလိကပိုင် ၂၅ ခြံနှင့် ဌာနပိုင်ခြံနှစ်ခြံ စုစုပေါင်း ၂၇ ခြံအား GAP Certificate ပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပိုင် သရက်ခြံ ၂၀ နှင့် ဌာနပိုင်ခြံငါးခြံ၊ ပုဂ္ဂလိကပိုင်ခရမ်းချဉ်ငါးခြံ စုစုပေါင်း ၃၀ အား GAP Certificate ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လက်ဖက်နှင့်ကော်ဖီသီးနှံအပါအဝင် သီးနှံ ၃၃ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၄၇၄ စောင်ပေးနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သီးနှံ ၄၉ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၅၅၁ စောင်ပေးနိုင်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ သီးနှံ ၃၂ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၁၁၇ စောင်ပေးနိုင်ခဲ့သည်။ ၂၀၂၁-၂၀၂၂ (Mini Budget)တွင် ၂၀၂၂ ခုနှစ် မတ်လအထိ သီးနှံ ၁၉ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၄၁၉ စောင်ပေးနိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သီးနှံ ၂၈ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၃၀၇ စောင်ထုတ်ပေးနိုင်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီးနှံ ၄၀ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၃၉၅ စောင်ထုတ်ပေးနိုင်ခဲ့သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိတွင် သီးနှံ ၃၀ မျိုးအတွက် GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၉၆ စောင်ထုတ်ပေးနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ GAP အသိအမှတ်ပြုလက်မှတ် စုစုပေါင်း ၄၅၁၆ စောင်ထုတ်ပေးခြင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

အချုပ်အားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့်သက်ကြီးတန်းဝါသနာရှင် အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်းဝါသနာရှင်အဆင့် ပြိုင်ပွဲများ၏ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ ရန်ကုန်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိုး၊ ဗဟိုအလုပ်အမှုဆောင်ဦးအောင်ကိုဇော်၊ရန်ကုန်ဂေါက်ကွင်းအတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် အလုပ်အမှုဆောင် ဦးအောင်ဌေးလှိုင်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့်သက်ကြီးတန်းဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးဝင်းလှိုင် အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးစဉ်။

ယနေ့ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ၁၄၇ ဦး၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (အသက် ၅၅)နှစ်နှင့်အထက် ၂၇ ဦး စုစုပေါင်း အားကစားသမား ၁၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ၄ ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နယ်စပ်ရေးရာဝန်ကြီးဌာန မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာမီးဘေးလုံခြုံရေးဆိုင်ရာအသိပညာဆွေးနွေးဟောပြောခြင်းအခမ်းအနားကို နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက မီးသတ်ဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်က မီးဘေးလုံခြုံရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းကို ဝန်ကြီးဌာနအနီးရှိလျှို့ဝှက်ဆည်တွင်ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက ငြိမ်းသတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများ၌ ၂၀၂၅ ခုနှစ်အတွင်း ယနေ့အချိန်ထိ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားများကို အရာထမ်း၊ အမှုထမ်းဦးရေ ၂၅၀၀ တက်ရောက်၍ ၂၇ ကြိမ်ဆောင်ရွက်ခဲ့ပြီး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို လစဉ်ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၆-၂-၂၀၂၅ ရက် ည ၈ နာရီမှ ၂၃-၂-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၅၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး**
**ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

## “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား”** ခေါင်းစဉ်ဖြင့် ၂၆-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉- ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚C | / | ၃၅˚C |
| ရန်ကုန် | ၂၂˚C | / | ၃၆˚C |
| မန္တလေး | ၁၈˚C | / | ၃၄˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပစဉ်။



တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့် အသင်းလိုက် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်(၃၁)ကြိမ်မြောက်တပ်မတော် (ကြည်း ၊ ရေ ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် ဧရာဝတီတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ခေါင်းဆောင်တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍(က)အဆင့်တွင် စစ်တီးဝိုင်း ခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ခေါင်းဆောင်၊ (ခ) အဆင့် အသင်းလိုက်အထူးဆု ဧရာဝတီတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ (က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်း အသင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်း အသင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုရဲတီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်းတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်(၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်း ပေါင်း (၂၆) သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

**⊃ အသိပေးကြေညာချက်မှ**

အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှု နည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ်အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်း ၄၈၆ ခု အား ကုမ္ပဏီ/လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

**■ တက္ကသိုလ်ဝင်စာမေးပွဲမှ**

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့်(တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရမည်။

၂။ ကျောင်းသား/ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**❍ ကျောဖုံးမှအဆက်**

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၂၃၇၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၆၉၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသား ၂၃၇၀ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## တစ်နိုင်တစ်ပိုင်တံမြက်စည်းချောများ ပြုလုပ်ရောင်းချ၍ မိသားစုအပိုဝင်ငွေရရှိ

ကော့ကရိတ် ဖေဖော်ဝါရီ ၂၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂)ဝင်းကြီးကွက်သစ်အတွင်း နေထိုင်သည့်ဒေသခံပြည်သူများအနေဖြင့် တောတောင်များနှင့် လမ်းဘေးဝဲယာများတွင် အလေ့ကျပေါက်ရောက်နေသော နတ်မျှားတံမြက်စည်းပင်များကို ချိုးယူကာ တစ်နိုင်တစ်ပိုင် တံမြက်စည်းချောများပြုလုပ်ရောင်းချ၍ မိသားစုအပိုဝင်ငွေရရှိနေကြောင်း သိရသည်။

တံမြက်စည်းပြုလုပ်ရာတွင် တံမြက်စည်းအပင်များကို နေလှန်း၍ အပွင့်များကိုရိုက်ခြွေခြင်း၊ အပင်ဖျားကို အရွယ်ညီအောင်ခုတ်ခြင်း၊ အရိုးတံကိုခုတ်ချွန်ခြင်း၊ ရိုးတံနှင့်အရွယ်ညီခုတ်ထားသောတံမြက်စည်းပင်များကိုစုကိုင်၍ ကြိုးဖြင့်တင်းအောင်ချည်ခြင်းတို့ အဆင့်ဆင့်ပြုလုပ်ပြီးမှသာ တံမြက်စည်းချောတစ်လက်ကိုရရှိကြောင်းနှင့် အဆိုပါတံမြက်စည်းချောများကို ဈေးဆိုင်များသို့ရောင်းချခြင်း၊ လက်ဆောင်ပေးခြင်း၊ အိမ်သို့လာရောက်ဝယ်ယူခြင်းများလည်းရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

● ရှေ့ဖုံးမှအဆက်

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးဆွေးနွေးမှုမှရရှိလာမည့်အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့်လုပ်ငန်း



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**❖ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း(၂)ပိုင်းရှိ၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့်ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ်(**Social Insurance System**) ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိ၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိကစေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ်(**Social Assistance Scheme**)တို့ဖြစ် . . .**

အကောင်အထည်ဖော်ဆောင်ရွက်မှုနည်းလမ်းများကိုအသုံးပြုပြီး လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့် “မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၁၄)”ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါလုပ်ငန်းရပ်များနှင့်ချိတ်ဆက်ပြီး (၁၀)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို စုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန်လိုကြောင်း၊ သို့မှသာ အစိုးရအဆက်ဆက်လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ထပ်မံဆောင်ရွက်သည့်အခါတွင် ပိုမိုကောင်းမွန်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း(၂)ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့်ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ်(Social Insurance System)ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက စေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ် (Social Assistance Scheme)တို့ ဖြစ်ကြောင်း၊ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး(Social Protection) လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေးရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း (International Social Security Association–ISSA) ကို ၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ နိုင်ငံပေါင်း (၁၆၃)နိုင်ငံမှအသင်းအဖွဲ့အစည်းပေါင်း (၃၃၈) ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် အာဆီယံလူမှုဖူလုံရေးအသင်း (ASEAN Social Security Association–ASSA)ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့် အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန် ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာ (Memorandum of Agreement)ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ (၁၀) နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း (၂၀) ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ အကျိုးခံစားခွင့်(၉)ရပ်ရှိ**ကြောင်း၊ **ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်နှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်**ကြောင်း၊ ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်

# နေပြည်တော်ပြည်နယ်၌ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေး ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များပါဝင်မှုရှိ၊ မရှိ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ စားသုံးသူများ ဘေးအန္တရာယ်ကင်းစွာ ကုန်စည်များကို အသုံးပြုနိုင်ရန်ရည်ရွယ်ကာ စားသုံးသူရေးရာဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဦးစားပေးကုန်စည် ၁၀ မျိုး သတ်မှတ်ကာ ထုတ်ကုန်လုံခြုံ စိတ်ချမှုရှိစေရေးအတွက် သက်ဆိုင်ရာ ထောက်ခံချက်နှင့် ကုန်အညွှန်းအမှတ် အသားဖော်ပြချက်များ ပါဝင်မှုရှိ၊ မရှိကို ယနေ့တွင် ဓနုဖြူမြို့နယ် အတွင်းရှိ စတိုးဆိုင်များအရောက် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုဖြူမြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့မဈေးရှိစတိုးဆိုင်သုံးဆိုင်၊ အမှတ်(၂) ရပ်ကွက်ရှိ စတိုးဆိုင် နှစ်ဆိုင်၊ အမှတ်(၃)ရပ်ကွက်ရှိ စတိုးဆိုင် နှစ်ဆိုင်၌ ရောင်းချနေသည့် ကလေးအာဟာရမှုန့် Gold Power၊ Ovaltine၊ Ensure Gold၊ Dupro၊ Cal-D Glucose စသည့်ကုန်စည်များနှင့် ကလေးအာဟာရဖြည့်စွက်စာများတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/ ၂၀၁၉)ပါ အကြောင်းအရာများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ယင်းပစ္စည်းအမျိုးမျိုးတွင် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်မာဏ၊ သုံးစွဲပုံနည်းလမ်း၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ ခတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်များကို မြန်မာဘာသာနှင့်တခြားဘာသာတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ဖော်ပြထားမှု ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များ ဘေးအန္တရာယ်ကင်းသည့် ကုန်စည်များကို ဈေးကွက်အတွင်း ဖြန့်ချိနိုင်ရန် သိရှိလိုပါက စားသုံးသူများသာမက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရုံးဖွင့်ရက် ရုံးချိန်အတွင်း Consumer Call Center No–1535 သို့ဆက်သွယ်မေးမြန်းနိုင်သည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

# ကျေးရွာတွင်း တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ရွှာသာကျေးရွာအုပ်စု ရွှာသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှာသာကျေးရွာ၌ အရှည် ၁၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၈ ပေ ကျေးရွာတွင်း တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ရွှာသာကျေးရွာ၌

**❖ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့်လူမှုရေးပင်စင်အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program – MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိ . . .**

**❖ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများရှိ၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင်လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၊ နိုင်ငံ၏ GDP ပေါ် မူတည်၍ ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင် . . .**

စောင့်ရှောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension) နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program– MCCT)တို့မှအကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အသက်(၂)နှစ်အောက် ကလေးငယ်များထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်(၂)နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feed back Programme– PFP)” အသုံးပြု၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများလည်းရှိကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှရရှိသည့်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူအလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများသာမက နောင်တွင် နိုင်ငံတော်၏ ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ပေါ် မူတည်၍ ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံအလိုက်ထောက်ပံ့မှုများကိုလေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့်ရရှိနိုင်ရေးအတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများပါ ကင်းလွတ်ခွင့်နှင့်လျှော့ပေါ့ သက်သာခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့သက်သာခွင့်များအား ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့်ရာခိုင်နှုန်းအလိုက် လျှော့ပေါ့သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူသိရှိနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ တတိယအဆင့်အနေဖြင့် သက်သေခံကတ်ပြားများ ကိုင်ဆောင်အသုံးပြုရန်အသက်အပိုင်းအခြားအလိုက်သက်ကြီးရွယ်အိုများစာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်**ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို အမှန်တကယ်တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေးဆောင်ရွက်ပေးနေမှုအခြေအနေများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးများကောင်းမွန်လာစေရေးနှင့် ပြည်သူလူထုစိုက်ထုတ်သုံးစွဲသည့် ငွေကြေးလျော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၈ ခု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ညောင်ဦး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၈ ခုကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် သောက်သုံးရေဖူလုံစေရန် စက်ရေတွင်း ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ၁၀ ခု၊ သွားလာရေးအဆင်ပြေစေရန် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းလေးခု၊ ကျေးရွာတွင်းရေစီးရေလာကောင်းမွန်ရေး အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ကျေးရွာတွင်းလမ်းပေါ်၌ Slab Culvert ခင်းခြင်းလုပ်ငန်းတစ်ခု၊ မိုဘိုင်းဆိုလာရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ မြစ်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၁၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် (VDP)စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီ ပံ့ပိုး၍ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်ပြီးစီးရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သောနည်းပညာများကို ပံ့ပိုးကူညီပေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင်ဦးဆောင်၍ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်း၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၊ သပြေအိုင့်ကျေးရွာ၊ မှန်တောကျေးရွာ၊ သနပ္ပင်ကျေးရွာ၊ ဇီးအိုကျေးရွာ၊ ဇကကျေးရွာ၊ ရွှေကဖြူကျေးရွာ၊ ပန်းကုန်းပင်ကျေးရွာ၊ ထရိုင်းတောကျေးရွာ၊ အိုင့်ကြီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ဖွားစော(ရ)ကျေးရွာ၊ ဖွားစော(န)ကျေးရွာ၊ မြေနဲလေးကျေးရွာ၊ လက်ဝဲကျေးရွာနှင့် တောင်ဘကျေးရွာတို့ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



နိုင်ငံတော်ပံ့ပိုးငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၈၃၂၈၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလပထမပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses meeting of National Committee on Social Protection



Vice-Senior General Soe Win delivers address at the meeting.

NAY PYI TAW February 24

The National Committee on Social Protection held a meeting at the Ministry of Social Welfare, Relief and Resettlement here this afternoon, addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were vice chairs of the committee, union ministers, deputy ministers, the deputy auditor-general, the permanent secretary, directors general and officials.

In his address, the Vice-Senior General said today's meeting was the 8th meeting of the committee. The current social protection undertakings must be further broadened by applying year-by-year improving work implementation methods through suggestions and resolutions of the meeting.

The National Level Social Protection Strategy (2014) of Myanmar, adopted for carrying out social protection activities is now ten years old. Union minister members of the committee and departments must collect the progress of work in connection with the task of the strategy during the ten-year period, and must document its pros and cons. This process will enable the coming governments to further improve and widen social protection undertakings, which has two parts. The first one is the Social Insurance System, set up with the funds proportionately contributed by the employers and employees and State's fair contribution, and the social security teams under the MoSWRR are applying this system. The second is the Social Assistance Scheme, set up by the State funds and contributions of well-wishers, and MoSWRR is implementing it. Today, the MoSWRR's undertakings will be discussed.

With the aim of carrying out social protection undertakings in connection with the international community and sharing the good practices with other member countries, Myanmar has been cooperating with 338 bodies of 163 countries of the International Social Security Association-ISSA) since 4 October 1927. Moreover, Myanmar became a member of ASEAN Social Security Association-ASSA, with the aim of sharing good experience and practices, on 10 September 2015 after signing the MoU. The country is now working together with 20 social security bodies of 10 ASEAN member states.

Social protection has nine kinds of benefits. They are: healthcare benefit, sickness benefit, unemployment benefit, old age benefit, workplace injury benefit, benefit for family support, maternity benefit, survivor benefit, and critical injury benefit. The amount of each benefit depends on the financial power. Myanmar is conducting social protection activities with international cooperation. The Social Welfare Department is planning to provide Social Pension for 85 and above seniors, and launch the Maternal and Child Cash Transfer Program (MCCT) for expectant mothers and their children under two years of age in fiscal year 2024-2025 through Myanmar Economic Bank branches. The two schemes are covered by its financial aid program for social protection. The department is also planning to start a financial aid program for children under two years of age. Officials must ensure that no child is left behind in their all-inclusive intellectual development scheme for children under two years of age.

In addition, the Anti-Corruption Commission will also initiate a social protection financial assistance program through the ongoing "Public Feedback Programme (PFP)." Furthermore, the relevant ministries are facing challenges in securing funding for the implementation of social protection programs.

Immediate action must be taken to implement measures that will enhance social protection activities. At present, support is provided through state funds, and preparations must be made to increase this support in the future. Likewise, employers should explore various ways to provide support to their employees. He stated the intention to discuss not only current activities but also future support programs, with a focus on the state's financial sector. Social protection services are present in every country. Globally, social protection spending accounts for 12.9 percent of GDP, while in the lowest-income countries, it represents only 1.1 percent of GDP. The percentage of support can be observed based on each country's GDP. A study should be conducted to analyze the support provided by various countries and compare it with the support provided by our own country.

In addition, to grant exemptions for the elderly under the Elderly Law enacted in 2016,

See Page - 19 ●●

●● From Page - 18

particularly regarding the issuance of senior citizen identification cards, the first step is to engage in discussions with the relevant ministries to negotiate exemptions and concessions in the regulations, focusing on the services they can offer. In the second step, the committee should issue a public notice to inform the public about the exemptions and percentage reductions available for each service. The third step should be to collect, verify, and issue identification cards to senior citizens based on their age group. Additionally, social management information should be continuously updated.

Social protection activities are essential responsibilities for any government. Furthermore, he stated that, as these are investment projects that directly benefit the public, attendees should openly discuss the implementation status of the relevant sectors, future plans, and necessary recommendations.

Subsequently, Union Minister Dr. Soe Win, Vice Chairman of the National Committee for Social Protection, delivered a presentation on the national strategic plans for social protection, ongoing activities, and future initiatives. Next, Vice Chairman Union Minister U Chit Swe explained and discussed the Ministry of Labor's efforts in providing full benefits and medical treatment to insured workers. Then, Vice Chairman Union Minister Dr. Thet Khaing Win explained and presented the measures taken to improve healthcare quality and reduce the public's financial contributions.

Afterwards, Deputy Minister U Soe Kyi, Secretary of the National Committee for Social Protection, provided an explanation on the implementation of the decisions made at the previous meeting.

Then, Deputy Ministers who are members of the National Committee for Social Protection discussed the implementation of social protection activities, collaborations, and recommendations from their respective ministries.

Afterwards, the Vice-Senior General coordinated the necessary actions based on the discussions and presentations, delivered concluding remarks, and closed the meeting. **100**

# 150 more illegal foreign migrants to Myanmar detained

NAY PYI TAW February 24

The government has cracked down on criminal activities in border areas including online gambling and scams effectively and, today, detained 150 more illegal migrants who entered Shwe Kokko and KK Park - Myawady through illegal routes.

Combined teams of relevant departments are collecting their personal information and documents within a day in order to repatriate them to relevant countries as soon as possible. Between 30 January and 24 February, 2025, a total of 2,370 illegal foreign migrants were uncovered and detained and 673 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 1,697 illegal migrants are ready for repatriation. The 2,370 illegal foreign migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Rwanda, Kenya, Kazakhstan, Cambodia and China (Taipei) and majority of them are from China. **100**



Authorities inspect the collection of personal information of illegal foreign migrants.

# More than 10,000 acres of groundnut plant in YeU Township

YeU February 24

Statistics of YeU District Agriculture Department mentioned that a total of 10,248 acres of groundnut has been planted in YeU Township of Sagaing Region.

In 2024-2025 winter, local authorities earmarked 7,066 acres of groundnut in YeU Township but local farmers have so far planted 10,248 acres of groundnut exceeding the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local farmers have planted more than 10,000 acres of groundnut exceeding the target cultivation of over 7,000 acres. At present, groundnut plantations are thriving in the croplands with potentials for having success in oil crops. Sown acreage of groundnut is on the rise yearly."

Farmers need to use 1.5 baskets of groundnut seeds per acre and cost more than Ks-200,000 per acre for seeds of crops,labour charge, fertilizers, pesticides and others. But, the crops yield more than 50 baskets per acre.

This year, officials of the township Agriculture Department help local farmers boost per-acre yield of groundnut and prevent pests. **SK**

# Over 1,500 acres of winter sunflower cultivate in Paungde Township

PAUNGDE February 24

A total of 1,598 acres of winter sunflowers have been successfully cultivated in Paungde Township, Bago Region, this cold season, according to the Departments of Survey and Agriculture.

To support farmers, the Township Agriculture Supervision Committee provided high-quality seeds and guidance on proper planting techniques to help increase yields. Efforts are also underway to address other agricultural challenges. The Agriculture Supervision Committee, in collaboration with farmers, is aiming to achieve a target yield of 50 baskets per acre, with nearly 100 percent success in sunflower planting so far.

In addition to sunflowers, Paungde Township has planted 10,396 acres of sesame, including the 1,598 acres of sunflowers and 7,200 acres of peanuts this winter. If the yield of oilseed crops continues to improve, it will help ensure local edible oil security and reduce the need to import oil from abroad. Furthermore, by selling oilseed crops, farmers will be able to boost their income and improve their socio-economic conditions.

The Chairman of the Township Administration Body has urged farmers and members of village tract agricultural supervision committee to collaborate and expand oilseed crop cultivation every year. **SMK**

# Myaungmya Township finishes cultivation of more than 4,000 acres of winter paddy

MYAUNGMYA February 24

"A total of 4,520 acres of paddy has been planted in Myaungmya Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Township authorities earmarked 113,115 acres of paddy as cold season crops in Myaungmya Township this year but farmers have planted 4,520 acres of paddy from the first week of October last year. Officials of the Township Agriculture Department, Township Admini-stration Body, relevant departments and local farmers are joining hands in growing summer paddy without difficulties.

Daw Khin Htay Myint disclosed: "Departmental officials and local farmers are trying their best to grow summer paddy to meet the target cultivation. Officials manage supply of water to the farmlands in summer. Moreover, officials raise farmer awareness to grow paddy with high yield with the use of quality strains of paddy."

Local farmers prefer to grow 90-day, Theehtetyin, Thai Baygya and 75-day paddy strains in winter. Officials of the Township Agriculture Department will provide necessary assistance for producing quality strains of paddy, boosting per-acre yield of crops, and preventing for farmers.

**SK**

# China's Xi backs Russia on Ukraine peace efforts – Kremlin



MOSCOW February 24

Russian President Vladimir Putin has told his Chinese counterpart, Xi Jinping, about Moscow's latest contacts with Washington, the Kremlin reported on Monday. Beijing has expressed support for the renewed dialogue and new potential for resolving the Ukraine crisis, the statement said.

Putin and Xi spoke on the phone to "share opinions on issues of immediate interest" for bilateral cooperation and the global agenda, describing the exchange as "warm and friendly."

"The leaders have stressed that the Russian-Chinese foreign policy tandem serves as a factor of stabilization in world affairs. Its strategic nature is not affected by external influence and does not pose a threat to any third party," the statement said.

The Chinese description of the phone call said it was requested by Moscow, adding that during the talk, Xi expressed approval of the fact that "Russia and relevant parties have made positive efforts to resolve the crisis."

US President Donald Trump has reversed attempts to "isolate" Russia which were pursued by the previous administration. Now Moscow and Washington are working to restore normal diplomatic relations. Senior officials from both countries have said that this could lead to a resolution of the Ukraine conflict.

Members of the new US government had previously criticized President Joe Biden's approach, arguing that it pushed Moscow into a position of a "junior partner" with Beijing, harming US interests.

Conversely, Russia and China have described their relationship as a "no-limits partnership" based on mutual respect and shared views on how the world should be governed. Moscow and Beijing have criticized the US for allegedly fueling chaos around the world in an attempt to undermine competition.

**RT**

# Conservatives win German elections – early results

BERLIN February 24

The Christian Democratic Union (CDU) and its sister party, the Christian Social Union (CSU), have won the snap elections in the German Bundestag, defeating Chancellor Olaf Scholz's Social Democrats (SPD). The anti-immigration Alternative for Germany (AfD) party was the second strongest-performing contender and is projected to obtain more seats in the federal parliament than at any time in its history.

According to preliminary results released by Germany's top electoral body on Monday, the CDU and CSU together received 28.6 percent of the votes, which means that CDU leader Friedrich Merz will likely be-come the next chancellor.

The AfD has received 20.8 percent of the votes, while the SPD placed third with 16.4 percent and the Greens came in fourth with 11.6 percent.

The early election was called last year after the collapse of the ruling 'traffic light' coalition made up of the SPD, the Greens, and the pro-business Free Democratic Party (FDP). FDP leader Christian Lindner pulled his support due to disagreements over the budget. His party received only 4.3 percent of the votes, prompting Lindner to announce his retirement from active politics.

The AfD performed the strongest in the eastern part of the country, winning elections in Saxony, Saxony-Anhalt, Thuringia, Brandenburg, and Mecklenburg-Western Pomerania. Despite becoming the second-most popular political force across the country, it will be hard for the AfD to enter a government coalition because other major parties consider its policies "extremist" and have ruled out any partnership.

In a post on X on Sunday night, Merz promised to "strive to form a government that would represent the entire German population and would solve the problems of our country." He expressed hope that Germany will have a new government by Easter.

AfD co-leader and candidate for chancellor, Alice Weidel, has thanked the voters. "The AfD was able to double its result. The incredible success makes it clear: citizens want political change," she wrote on X. **RT**

# Death toll rises to 15 after truck plunges into river in Indonesia's Riau province

JAKARTA February 24

The number of casualties rose to 15 after a truck carrying 32 people veered into a river in Indonesia's western Riau province, a top rescuer said on Monday.

According to Budi Cahyadi, head of the provincial search and rescue office, the accident occurred on Saturday in Pelalawan Regency when a drowsy driver lost control of the vehicle and plunged into the Segati river.

"All the victims of the accident were recovered today. The total number of casualties from the accident has reached 15," Cahyadi told Xinhua by phone.

"Using rubber boats, we stirred the water to accelerate the floating process of the bodies. All the bodies were found after they surfaced," he said, confirming that 17 people survived the accident.

He added that the truck was transporting workers and their family members, including several children, from a company to a market to purchase goods when the tragedy occurred.

**Xinhua**



# Any Israeli threat against Iran's interests to receive "decisive" response: top commander

TEHRAN February 24

A top Iranian military commander warned Monday that any Israeli threat against Iran's interests will receive a "decisive" response from the country's armed forces, according to the semi-official Fars news agency.

Gholam-Ali Rashid, commander of Iran's Khatam al-Anbiya Central Headquarters, made the remarks in southeastern Iran's Sistan and Baluchestan province while reacting to recent threats by Israeli officials against Iran, including against its nuclear facilities.

"We warn Israel and the United States, owing its all-out support for Israel, that any Israeli threat against the Iranian nation's interests will be assessed as being based on U.S. full support for Israel, and decisive actions will be taken by the Iranian armed forces through targeting the source of the aggression and the facilities and bases that would assist Israel," Rashid said.

Over the past four decades, the "enemies" have been making miscalculations about Iran due to their lack of knowledge about the country and its people, and over the past four months, Israel has been trying to deceive the United States, Europe and West Asia by providing an "incorrect" narrative about Iran's power, he said.

On February 16, Israeli Prime Minister Benjamin Netanyahu, speaking alongside U.S. Secretary of State Marco Rubio in Jerusalem, said Israel and the United States "work shoulder to shoulder" to counter Tehran's nuclear program and regional military activities, with both sides agreeing that Iran "must not have nuclear weapons" and that "Iran's aggression in the region has to be rolled back."

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan everyone on weight-loss jabs MUST know: They can leave you with malnutrition and serious illness. Now a top nutritionist reveals exactly what to eat - and keep weight off for good

It's a story I've heard many times before. A woman in her mid-fifties, who we'll call Jess, has long struggled with her weight and last year decided to start taking a revolutionary weight-loss drug.

These appetite-suppressing injections – originally an off-label use of the diabetes treatment Ozempic and later including Wegovy and Mounjaro – help patients lose up to a fifth of their bodyweight in just over a year. It can also be a massive boost to their overall health, lowering their risk of long-term conditions such as type 2 diabetes, heart disease, cancer, and Alzheimer's.

But Jess is not seeing the dramatic weight loss she hoped for. Understandably, she is distraught. She worries that she is destined to be overweight for ever.

There is also the financial cost to consider. The NHS can currently only prescribe these drugs to the most overweight and unwell patients. Going private means paying as much as £300 a month.

For that, you would expect to see results. But, as I tell Jess, there is always hope. As dieticians and nutritionists for the healthy lifestyle coaching company Liva Healthcare, it's our job to consider what other factors might be behind this lack of progress.

We are one of seven digitally led weight-management services recommended by health chiefs to help support patients prescribed weight-loss drugs on the NHS.

We also support those accessing these medicines privately through Boots' online service – called Boots Online Doctor. And, in these situations, there is always one question I ask first: what are you eating?

These drugs, also known as glucagon-like peptide-1 receptor agonists (GLP-1s), trick the body into feeling full. However, while GLP-1s may cause patients to eat less, they do not make patients eat more healthily.

Many on the drugs say that, most of the day, they will go without food, but when the urge to eat strikes they turn to comfort items such as biscuits or crisps.

There are many reasons for this – it might be habit, that cooking can be time-consuming, or because such foods are just so tasty.

However, the reason these foods are so pleasing to eat is because they are packed with sugar and fat. And this means that just a few biscuits can often have as many calories as a proper meal.

It's important to remember it's not just about weight loss. There is also a concern that patients on GLP-1s can become malnourished. Most of us do not get enough fibre, while millions have diets deficient in vitamins and minerals such as calcium, as well as vitamins A, B, and C.

To get these nutrients, we need to eat a varied diet, which includes a spread of vegetables, fruit, pulses and – in moderate amounts – protein sources such as meat and eggs.

Malnutrition can be an issue among overweight people too, because many – but not all – have poor diets. If people with full appetites struggle to get adequate nutrition, just imagine how hard it is for someone on an appetite-suppressing drug?



Many patients also tell us they plan to use the drug to aid initial weight loss and then, once they've lost enough, they will stop the injections.

However, unless a patient ensures their diet really is healthy, they run the risk of putting the weight back on. Research shows that more than half who come off the drugs regain at least two thirds of the weight they lost.

Nearly one in five put all the weight – or more – back on.

We find that patients who focus on eating in a balanced way on the jabs put less weight back on once they stop. This is because, usually, they continue to eat like this. Of course, diet is not the only thing to consider when trying to lose weight on GLP-1s. At Liva Healthcare we also guide patients on how to create an exercise routine – another crucial factor.

So too is exploring why people eat. Do patients eat out of boredom or sadness? What can be done to change these habits?

We are able to guide people through these challenges. But diet is almost always the most important factor in weight loss.

The good news is GLP-1 drugs give patients the chance to reset their diet: some describe them as taking away the constant 'noise' of food. Our advice tends to follow a few simple rules. Half the plate should be made up of vegetables – and the more colourful the better. A quarter should be carbohydrates, such as potatoes or pasta; if it's wholegrain even better.

And the final quarter should be protein, such as meat or plant-based products like tofu. Meat should be lean, such as chicken or white fish, rather than fatty red meat, pork, or processed meat.

The goal is to make each meal packed with nutrients so, even when eating small portions, patients are getting all they need. Meals should also be easy to cook and packed with flavour. If someone has a reduced appetite, they want meals to look forward to.

With all this in mind, I have created four recipes exclusively for Mail readers who are taking a weight-loss drug. For breakfast, I recommend a berry and vanilla protein parfait. This yogurt-based meal has multiple sources of protein – crucial for building muscle in place of fat.

The berries and seeds provide plenty of fibre, which is needed for a healthy gut. It is also packed with calcium, a bonehealth nutrient which many GLP-1 patients are deficient in.

Our lunch option is a green shakshuka, a twist on the classic Middle Eastern egg dish, which contains plenty of iron-rich spinach. Iron is vital for the transport of oxygen around the body, as well as maintaining healthy skin, hair and nails. The eggs and feta provide high-quality protein.

**Mail Online**

# နိုင်ငံအပေါ်ဆန့်ကျင်သည့် မည်သည့်ဆောင်ရွက်မှုမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ရှိဟု ရုရှားသံရုံးထုတ်ပြန်



မော်စကို၊ အကြမ်းဖက်မှု

ရုရှားအနေဖြင့် နိုင်ငံအပေါ်ဆန့်ကျင်သည့် မည်သည့်ဆောင်ရွက်မှုမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ရှိသည်ဟု ပြင်သစ်နိုင်ငံရှိ ရုရှားသံရုံးက ဖေဖော်ဝါရီလ ၂၄ ရက်တွင်ထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ မာဆေးမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးဝင်းအတွင်း ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပဲရစ်မြို့ရှိ ရုရှားသံရုံး၏ ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ပေါက်ကွဲမှုသည် အမည်မသိလူအချို့က မီးလောင်ပေါက်ကွဲစေသည့် အရာဝတ္ထုများကို ကောင်စစ်ဝန်ချုပ်ရုံးရှိပန်းခြံအတွင်းသို့ ပစ်သွင်းခဲ့ခြင်းဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ပေါက်ကွဲမှုကြောင့် အရေးပေါ်တုံ့ပြန်မှုများကို လုပ်ဆောင်ခဲ့ရပြီး မီးသတ်တပ်ဖွဲ့ဝင်များက ကောင်စစ်ဝန်ချုပ်ရုံး၏ ခြံဝင်းအတွင်းဖြစ်ပွားသည့် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မိမိတို့အနေဖြင့် ယူကရိန်းထောက်ခံသူများ၏ ရန်စမှုများဖြစ်ပေါ်လာမည်ကို မျှော်လင့်ထားပြီး ရုရှားနိုင်ငံအား ဆန့်ကျင်သည့် မည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို ထိရောက်စွာ တန်ပြန်သွားမည်ဖြစ်ကြောင်း ကောင်စစ်ဝန်ချုပ်ရုံးမှ သံတမန်များက ပြောသည်။

ဖေဖော်ဝါရီလ ၂၄ရက်သည်ရုရှားနိုင်ငံက ယူကရိန်းတွင် အထူးစစ်ဆင်ရေးဆင်နွှဲသည့် တတိယမြောက်နှစ်ပတ်လည်နေ့ဖြစ်ပြီး ပြင်သစ်နိုင်ငံရှိမြို့ကြီးအချို့တွင် ယူကရိန်းကို ထောက်ခံသည့်အနေဖြင့် ချီတက်ဆန္ဒပြပွဲများကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

Ref: Xinhua, Ivt

# သတင်းတိုကဏ္ဍာ

## Gurz-47 စစ်ဆင်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင် ၉၂ ဦးကို တူကီယဲဖမ်းဆီး

တူကီယဲအစိုးရသည် အကြမ်းဖက်တိုက်ဖျက်ရေးစစ်ဆင်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင် ၉၂ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီ ယာလီကာယာက ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြောသည်။

တူကီယဲအာဏာပိုင်များသည်ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နိုင်ငံအတွင်းရှိ ပြည်နယ် ၁၆ ခုတွင် လုပ်ဆောင်ခဲ့သော Gurz–47 ဟုအမည်ပေးထားသည့် စစ်ဆင်ရေးအတွင်း စစ်သွေးကြွအဖွဲ့ဝင်များကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် နိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများကိုလုပ်ဆောင်ခဲ့သည်ဟု တူကီယဲအာဏာပိုင်အဖွဲ့က ယုံကြည်လျက်ရှိသည်။

ထို့ပြင် စစ်သွေးကြွအဖွဲ့ဝင်များနှင့်အတူ လိုင်စင်မဲ့ကိုင်ဆောင်သည့် လက်နက်များ၊ စစ်သွေးကြွအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလည်း တူကီယဲအာဏာပိုင်အဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

Ref: Xinhua

## ဥရောပသမဂ္ဂက ယူကရိန်းနိုင်ငံသို့ ဘဏ္ဍာရေးအကူအညီအဖြစ် ယူရို ၃ ဒသမ ၅ ဘီလီယံပေးအပ်မည်

ဥရောပသမဂ္ဂအဖွဲ့က ယူကရိန်းနိုင်ငံသို့ ဘဏ္ဍာရေးအကူအညီအဖြစ် ယူရို ၃ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၃ ဒသမ ၆၇ ဘီလီယံ) ပေးအပ်မည်ဟု ဥရောပကော်မရှင်က ဖေဖော်ဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်သည်။

ယူကရိန်းသို့ပေးအပ်မည့် အဆိုပါအကူအညီကို ဥရောပသမဂ္ဂအဖွဲ့က နောက်လမှစ၍ ပေးအပ်မည်ဖြစ်ပြီး ယင်းအကူအညီသည် ယူကရိန်း၏ ဒူပေနာပေခံနိုင်ပြီး ဖူလုံမှုရှိသည့်စွမ်းအင်စနစ်ကို ထိန်းသိမ်းနိုင်ရန်အတွက်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အူဆလာ ဗွန်ဒါလေယန်က ပြောသည်။

ထို့ပြင် ဥရောပသမဂ္ဂအနေဖြင့် ယူကရိန်းနိုင်ငံသို့ လက်နက်များနှင့် ခဲယမ်းများကို နောက်အပတ်များမှစ၍ တိုးမြှင့်ပေးပို့သွားမည်ဖြစ်ကြောင်း ဗွန်ဒါလေယန်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Xinhua

# ကျောင်းနေအရွယ်လူဦးရေ ဆက်လက်ကျဆင်းလာမှုကြောင့် စာသင်ကျောင်း ၄၉ ကျောင်းကို တောင်ကိုရီးယားပိတ်ပစ်ခဲ့ရ




ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံတွင် ကျောင်းနေအရွယ်လူဦးရေ ဆက်လက်ကျဆင်းလာမှုကြောင့် ပြည်နယ်နှင့် မြို့ကြီး ၁၇ ခုရှိ စာသင်ကျောင်း စုစုပေါင်း ၄၉ ကျောင်းကို ပိတ်ပစ်ခဲ့ရကြောင်း Korea Herald နေ့စဉ်သတင်းစာတွင် ဖော်ပြသည်။

ကျောင်းနေအရွယ်လူဦးရေမလုံလောက်မှုကြောင့် ပိတ်ပစ်ခဲ့ရသည့် စာသင်ကျောင်းအရေအတွက်မှာ ၂၀၂၃ ခုနှစ်တွင် ၂၂ ကျောင်း၊ ၂၀၂၄ ခုနှစ်တွင် ၃၃ ကျောင်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၄၉ ကျောင်းအထိ မြင့်တက်လာခြင်းဖြစ်သည်။ ပိတ်ပစ်ခဲ့ရသောကျောင်းများတွင် မူလတန်းကျောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများပါဝင်ကြောင်း အစိုးရကထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။

ထို့ပြင်ယခုနှစ်အကုန်ပိုင်းတွင်ကျေးလက်ဒေသရှိ စာသင်ကျောင်းများအနက် ၈၈ ရာခိုင်နှုန်းကို ပိတ်ပစ်ရန်စီစဉ်ထားကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆိုးမြို့တော်ရှိ စာသင်ကျောင်းများကို ပိတ်ပစ်မည်မဟုတ်သော်လည်း ၎င်းမြို့အနီးရှိဂွန်ဂျီးပြည်နယ်တွင် စာသင်ကျောင်းခြောက်ကျောင်းမှာ ပိတ်ခံရမည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

စာသင်ကျောင်းအများဆုံး ပိတ်ပစ်ခဲ့ရသည့် ပြည်နယ်မှာ တောင်ဂျိုလာပြည်နယ်ဖြစ်ပြီး ယင်းပြည်နယ်တစ်ခုတည်းမှာပင် စာသင်ကျောင်း ၁၀ ကျောင်းမှာပိတ်ခံရမည့် အလားအလာရှိသည်။

ကျေးလက်ဒေသများရှိ မူလတန်းကျောင်းများကို ပိတ်ပစ်ရသည့် အဓိကအကြောင်းရင်းမှာ ကျောင်းတက်ရန် ကျောင်းအပ်နှံသည့်ကျောင်းသား၊ ကျောင်းသူအသစ်များမရှိသောကြောင့်ဖြစ်ကြောင်း သိရသည်။

Ref: KH

# ဆိုက်ဘာတိုက်ခိုက်ပြီး ဘဏ်အကောင့်များမှ ငွေကြေးများခိုးယူခဲ့သည့် ဟက်ကာနှစ်ဦးအား စိန့်ပီတာစဘာ့မြို့ရဲတပ်ဖွဲ့က ဖမ်းဆီး

စိန့်ပီတာစဘာ့၊ ဆိုက်ဘာရာဇဝတ်မှု

ရုရှားနိုင်ငံတွင် အခြားသူများ၏ ဘဏ်အကောင့်များကို ဆိုက်ဘာတိုက်ခိုက်ပြီး ငွေကြေးများခိုးယူခဲ့သည့်ဟက်ကာနှစ်ဦးအား စိန့်ပီတာစဘာ့မြို့ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြောသည်။

ဟက်ကာများသည် အထူးပြုလုပ်ထားသည့်ကွန်ပျူတာပရိုဂရမ်များကို အသုံးပြု၍ အခြားသူများ၏ ဘဏ်အကောင့်များမှ ငွေကြေးများကိုခိုးယူပြီးနောက် တန်ဖိုးကြီးပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ယင်းနောက် ၎င်းတို့သည် အဆိုပါပစ္စည်းများကို အွန်လိုင်းစတိုးဆိုင်များတွင် ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးဖြစ်သူ အိုင်ရီနာဗော့က ဆက်ပြောသည်။

၎င်းဟက်ကာများသည် လက်ရှိအချိန်အထိ စိန့်ပီတာစဘာ့မြို့ရှိလူပုဂ္ဂိုလ် ၁၁ ဦး၏ ဘဏ်အကောင့်နှင့် အချက်အလက်များကို ခိုးယူခဲ့ကြောင်းသိရသည်။

ရဲတပ်ဖွဲ့က အဆိုပါဟက်ကာများ၏ နေအိမ်မှ မရောင်းရသေးသည့် လက်တော့ကွန်ပျူတာ၊ လက်ကိုင်ဖုန်းများ၊ ငွေထုတ်ကတ်များ၊ ဖုန်းဆင်းကတ်များနှင့် အခြားပစ္စည်းများကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်းသိရသည်။

Ref: Ivt

# ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ CDU နှင့် CSU ပါတီတို့အနိုင်ရရှိပြီး ဖရက်ဒရစ်မာ့က ဝန်ကြီးချုပ်သစ်ဖြစ်လာမည်

ဘာလင်၊ နိုင်ငံရေး

ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီ (CDU)နှင့် မဟာမိတ်ပါတီဖြစ်သည့် ခရစ်ယာန်ဆိုရှယ်ယူနီယံ (CSU) တို့က ဝန်ကြီးချုပ် အိုလက်ရှို့၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို အနိုင်ရရှိခဲ့ကြောင်းသိရသည်။

ဂျာမနီရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ ကနဦးထုတ်ပြန်ချက်များအရ လွှတ်တော်ရွေးကောက်ပွဲများ၌ CDU နှင့် CSU တို့ကြား မဲအရေအတွက်စုစုပေါင်း၏ ၂၈ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ခြင်းကြောင့် CDU ပါတီအကြီးအကဲ ဖရက်ဒရစ်မာ့က နိုင်ငံ၏ဝန်ကြီးချုပ်အသစ်ဖြစ်လာမည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၃ ရက်တွင်ကျင်းပသည့် အဆိုပါရွေးကောက်ပွဲတွင် Alternative for Germany (Afd) ပါတီက ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ လက်ရှိဝန်ကြီးချုပ်ရှို့၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီက မဲအရေအတွက် ၁၆ဒသမ ၄ ရာခိုင်နှုန်းနှင့် ဂရင်းပါတီက ၁၁ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြောင်းသိရသည်။ ဂျာမနီအစိုးရသစ်အနေဖြင့် တစ်နိုင်ငံလုံးရှိ ပြည်သူများကို ကိုယ်စားပြုပြီး နိုင်ငံကရင်ဆိုင်နေရသည့် ပြဿနာရပ်များကို ဖြေရှင်းသွားမည်ဖြစ်ကြောင်းနှင့် အစိုးရသစ်ကို မကြာမီဖွဲ့စည်းနိုင်မည်ဟုမျှော်လင့်ကြောင်း ဝန်ကြီးချုပ်ဖြစ်လာမည့် CDU ပါတီအကြီးအကဲ ဖရက်ဒရစ်မာ့က ပြောကြားခဲ့ကြောင်း သိရသည်။

Ref: RT

## လွိုင်လင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေး

လွိုင်လင် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ခေါက်နဲ့ကျေးရွာအုပ်စု ချိုခမ်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ချိုခမ်းကျေးရွာနှင့် ကွန်လောင်းကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၆၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချိုခမ်းကျေးရွာနှင့် ကွန်လောင်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၅ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၆၃ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကာရံ (ကျေးလက်)

## ပုသိမ်မြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၁၄၃၆ ဧက ပြန်လည်ရိတ်သိမ်းပြီးစီး



ပုသိမ် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၁၄၃၆ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၉၁၄၃၆ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံးပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးသည့် စပါးတစ်ဧကလျှင် ၉၉ ဒသမ ၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၉၁၄၃၆ ဧက လျာထားစိုက်ပျိုးခဲ့တယ်။ လက်ရှိ ဧကအားလုံးပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အခု ရိတ်သိမ်းနေတဲ့မိုးစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ မိုးစပါးတွေ စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ တခြားလိုအပ်တာတွေကိုလည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့ လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့ပါတယ်"ဟု ဒေါ်အေးအေးမူကပြောသည်။

စားရေရိက္ခာဖူလုံပေါများစေရေးနှင့် ပတ်သက်၍ အဓိကစားသုံးကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

## ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



ကျိုက်လတ် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ကျိုက်လတ်-အအူပင်ကားလမ်းဘေးရှိ Denko စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်လတ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ရာ Denko စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

## U-19 Futsal Cup Mandalay 2025 ပြိုင်ပွဲကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ဖုဆယ်ဘောလုံးဆပ်ကော်မတီမှကြီးမှူး၍ Tun Tauk Myanmar Co.,Ltd. ၏ အဓိကပံ့ပိုးကူညီမှုဖြင့် U-19 Futsal Cup Mandalay 2025 ပြိုင်ပွဲကို မတ်လ ၂၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းတစ်သင်းတွင် ဂိုးသမား နှစ်ဦးအပါအဝင် ကစားသမားအများဆုံး ၁၆ ဦး/ အနည်းဆုံး ၁၀ ဦး၊ နည်းပြအုပ်ချုပ်သူအဖွဲ့ဝင် အများဆုံး ငါးဦး/အနည်းဆုံး နှစ်ဦးပါဝင်ရမည်ဖြစ်ပြီး ၉/နိုင်ငံသားစိစစ်ရေးကတ်မဟုတ်သည့် ပြင်ပကစားသမားနှစ်ဦးပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းအများဆုံး ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ MNL League 1/2၊ MNL U-20၊ MFF Futsal League 1/2၊ ကစားခဲ့ဖူးသည့် ကစားသမားသက်တမ်းအလိုက်ဘောလုံး၊ ဖုဆယ်လက်ရွေးစင်ကစားသမားများ ပါဝင်ခွင့်မပြုဘဲ သတ်မှတ်ချက်နှင့်မကိုက်ညီသော ကစားသမားများကို ထည့်သွင်းကစားကြောင်းစစ်ဆေးတွေ့ရှိပါက အသင်းအားရောက်ရှိသည့်အဆင့်မှ ထုတ်ပယ်ကာ ကစားသမားများအား ပွဲပယ်ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်သည်။

ပြိုင်ပွဲကို ပထမအဆင့် အုပ်စုပတ်လည်စနစ်၊ ဒုတိယအဆင့် ရှုံးထွက်စနစ်များဖြင့် ကစားရမည်ဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ကစားသမားဆုများကို ရှုံးထွက်အဆင့်မှစတင်၍ ကော်မတီနည်းပြအဖွဲ့ဝင်များက ရွေးချယ်ပေးအပ်မည်ဖြစ်သည်။ အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝတ်စုံနှစ်စုံထားရှိရမည်ဖြစ်ပြီး ကျောနံပတ် ၁ မှ ၉၉ အထိ ကြိုက်နှစ်သက်ရာနံပါတ်ကိုရိုက်နှိပ်နိုင်ပြီး ကျောနံပတ် ၁ သည် ဂိုးသမားဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမားများသည် ၂၀၀၆ ခုနှစ်နှင့်နောက်ပိုင်းမွေးဖွားသူများ ဖြစ်ရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်မူရင်း ပြသနိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို မတ်လ ၉ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ TG Futsal Court တွင် ပြိုင်ပွဲဝင်ကြေးနှင့် အသက်အာမခံကြေးသွင်းကာ ထုတ်ယူနိုင်သည်။ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို မတ်လ ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိပြုလုပ်မည်ဖြစ်သည်။

ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ အကောင်းဆုံးကစားသမားဆု ငွေကျပ် တစ်သိန်းနှင့်အကောင်းဆုံးဂိုးသမားဆု ငွေကျပ် တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်သတင်းစာဆရာများ တွေ့ဆုံပွဲတွင်မြန်မာနိုင်ငံသတင်းစာဆရာ အသင်းဗဟိုကော်မတီ(ယာယီ)ဖွဲ့စည်းပြီးကြောင်းကြေညာ



ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် သတင်းစာဆရာများတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ကြီးငါးကြီးဘုရား၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်နှင့်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဗဟိုကော်မတီ (ယာယီ)အတွင်းရေးမှူး(၁)ဦးရဲရင့်စိုးညွန့်၊ ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးထွန်းရင်နှင့်အလုပ်အမှုဆောင်များ၊အနယ်နယ်အရပ်ရပ်မှသတင်းစာဆရာများတက်ရောက်ကြသည်။

ရှေးဦးစွာမြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဒုတိယဥက္ကဋ္ဌဦးခင်မောင်ကျော်ဒင်က အမှာစကားပြောကြားပြီးနောက် တိုင်းသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းရင်က အမှာစကားဆက်လက်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုကော်မတီ(ယာယီ) အတွင်းရေးမှူး (၁)ဦးရဲရင့်စိုးညွန့်က ဗဟိုကော်မတီအသစ်(ယာယီ)ကို ဗဟိုကော်မတီညီလာခံကျင်းပနိုင်ရေးအတွက်၂၂-၂-၂၀၂၅ ရက်တွင် အဖွဲ့ဝင် ၁၈ ဦးဖြင့်ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသော စည်းမျဉ်းများနှင့်အညီတာဝန်ရှိသူများနှင့် တွေ့ဆုံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဖွဲ့စည်းမိန့်စာရွက်များအားပေးအပ်သည်။

ထို့နောက် အနယ်နယ်အရပ်ရပ်မှ သတင်းစာဆရာများကသိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ သတင်းမီဒီယာ ကောင်စီဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က လိုအပ်သည်များကိုပြန်လည်ဖြေကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအပြီးတွင် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကြကြောင်း သတင်းရရှိသည်။ (၅၀၀)

# ရုံးသုံးမြန်မာစာရေးနည်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများအတွက် ရုံးသုံးမြန်မာစာရေးနည်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ နေပြည်တော်ရှိ အရာထမ်းများ တက်ရောက်ကြပြီး ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများရှိ အရာထမ်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ရုံးစာပုံစံများအလိုက် ရည်ရွယ်သော အကြောင်းအရာပေါ် မူတည်လျက် ကျစ်လျစ်တိကျသော၊ ရှင်းလင်းပြတ်သားသော ရုံးသုံးစာကို ကျွမ်းကျင်စွာ ရေးသားနိုင်ရန်၊ ဘာသာစကားအသိ (Language Awareness)ကို မြှင့်တင်ပေး၍ မှန်ကန်သော စာအရေးအသားဖြစ်စေရန်၊ ဝန်ထမ်းများ၏ ရုံးသုံးမြန်မာစာအရေးအသားစွမ်းရည်တိုးတက်စေလျက် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင်ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်အေးက သုံးရက်တာဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ကောင်စစ်ဝန်ချုပ်ရုံးများမှအရာထမ်း စုစုပေါင်း ၃၈၂ ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# နွားထိုးကြီးမြို့နယ်၊ မာန်လည်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ မာန်လည်ကျေးရွာကို ဖေဖော်ဝါရီလ ၂၃ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၂ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့က နွားထိုးကြီးမြို့နယ်၊ မာန်လည်ကျေးရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။ (၁၀၀)

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သောဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပ ဂေါက်သီးရိုက် အားကစားသမားများ အများအပြား လာရောက်ကစားလျက်ရှိရာ ဖေဖော်ဝါရီလ ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ဂေါက်သီးရိုက်ကစားသမား ဦးဇင်သူအောင်သည် ကစားဖော်များဖြစ်သော ဦးသန့်ဇင်၊ ဦးသက်ဟိန်း၊ ဦးကျော်စွာရှိန်း၊ ဦးကျော်စွာသိန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ Titleist No.3 ဘောလုံးကို PING G-430 IRON No.9 တုတ်ဖြင့် ၁၄၅ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။



Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာ နှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ် လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၉)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီသီထွန်း၊ ပါမောက္ခ(ဌာနမှူး)
အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကိုဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် အင်္ဂလိပ်စာမေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit ၁၂ ခုပါရှိပြီး Unit ၃ ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။

Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်းပါရှိပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ်မေးမှာဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲ့ဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

As the instructions were not clear enough, the players got c------------. လို့ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ confused ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။ အဖြေပဲရေးပေးရမှာဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့စကားလုံး သုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ **မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲ့ဒီဝါကျအတွက် မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်ရမှာဖြစ်တယ်။

ဥပမာ –

In this age of technology, some people are still using ------------ methods of farming.

ဆိုတဲ့မေးခွန်းမှာ (A) exotic (B) primitive (C) classical လို့ပေးထားရင် အဖြေမှန်ဟာ (B) primitive ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

My mother asked me ------------ dinner for the family. ဆိုတဲ့မေးခွန်းမှာ (A) to prepare (B) prepare (C) preparing လို့ ပေးထားရင် သဒ္ဒါအရမှန်တဲ့အဖြေဟာ (A) to prepare ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန်သုံးစွဲနိုင်မှုရှိမရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ ၁၀ ကြောင်းကို ဝါကျတွေရဲ့ နောက်မှာ ကွင်းထဲမှာပေးထားတဲ့ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဥပမာ –

He runs and jumps like he has superpowers. (Use 'as if/ as though'.) လို့မေးလာခဲ့ရင် He runs and jumps as if he had superpowers. လို့ ဖြေပေးရမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်းပါရှိပါတယ်၊ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေ ကျေကျေညက်ညက်လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

**IV. (A)** ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ မေးထားပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း ၂ ကြောင်း ပေးထားပြီး အဲ့ဒီစာကြောင်းထဲမှာရှိတဲ့ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့ လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

You cannot tell -----------

By the way the building looks.

လို့မေးရင် its magic လို့ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။

**IV. (B)** ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ဝါကျနဲ့ ပြန်ဖြေပေးရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း ၂ ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

Who are the most responsible persons for imparting good manners to children? လို့မေးရင် The most responsible persons for imparting good manners to children are all the elders of the present generation. လို့ ပြန်ဖြေပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာတစ်ခုကတော့

I took the one less traveled by,

And that has made all the difference. လို့ ကဗျာစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲ့ဒီ ၂ ကြောင်းကို စကားပြေပြန်ပေးရမှာဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား၊ ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကိုအခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့မေးမှာဖြစ်ပါတယ်။

**V. (A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စုဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place." လို့ပေးထားပြီး

Treating everyone with kindness is another key element to make yourself ------.လို့မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ noun phrase ဖြစ်နေပြီး မေးထားတဲ့ ဝါကျမှာဖြေရမယ့်အဖြေဟာ adjective ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ 'happier' ဖြစ်တယ်။

**V. (B)** ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကိုမေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ " The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc." လို့ပေးထားပြီး

What is envy? လို့မေးထားရင် အဖြေက " Envy is a state of desiring other people's qualities, possessions, opportunities, etc. " လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါစာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်းမပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

**မေးခွန်းနံပါတ် ၆** ကတော့ unseen reading passage ပေးထားပြီး စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

**VI. A** ကတော့ **Find the bold–faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူစကားလုံး (သို့မဟုတ်) စကားစုငါးခုပေးထားတဲ့အတွက် စကားလုံးတစ်လုံး အပိုပါတာကို သတိပြုရမှာဖြစ်ပါတယ်။ ဥပမာ– sufficient or satisfactory လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် adequate ကို ရေးပေးရမှာဖြစ်ပါတယ်။

**VI. B** ကတော့ **Answer the following questions. Give complete answers.** ပဲဖြစ်ပါတယ်။ What is the main idea of the passage? လို့မေးရင် စာပိုဒ်တစ်ခုလုံးရဲ့ အဓိကအကြောင်းရင်းကိုမေးတာဖြစ်လို့ The main idea of the passage is that nonverbal communication depends on culture and gender. လို့ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား၊ ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်တဲ့ စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့မေးခွန်းမျိုးဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, Grade 11, Grade 12 တွေမှာပါတဲ့ Listening အပိုင်းကိုအခြေခံပြီး မေးမှာဖြစ်ပါတယ်။

**VII. (A)** ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ expression တစ်ခုပိုပေးထားပါတယ်။

ဥပမာ–

Thurein : Khant Khant! How are things? Long time no see.

Khant Khant : Hey, Thurein! ----------- လို့ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ It's been a while since we last met. လို့ဖြေပေးရပါမယ်။

**VII. (B)** ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း expression တစ်ခုပိုပေးထားပါတယ်။

**စာမျက်နှာ ၂၆ သို့ ◆**

◆ စာမျက်နှာ ၂၅ မှအဆက်

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11 နဲ့ Grade 12 စာအုပ်တွေမှာပါတဲ့ **formal letter** နဲ့ **informal letter** များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသတိထားပြီး ပေးထားတဲ့ နာမည်နဲ့လိပ်စာကိုသာရေးရမှာဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှစ်ခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ -

You are Zaw Htet Aung. You live at No. 7, Min Road, Pyay. Write a letter to your uncle, telling him about the new English coursebook you study this year and how interesting and useful it is.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Zaw Htet Aung ဖြစ်ပြီး addressee က his uncle ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်နှစ်ချက်ပါပါတယ်။ ပထမအချက်က the new English coursebook you study this year အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် how interesting and useful it is လို့မေးထားတဲ့အတွက် the new English coursebook အကြောင်းကို ပထမဦးစွာ ပြောပြရမှာဖြစ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာ ရေးသားရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ essay ဖြစ်ပြီး **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီးရေးရမှာဖြစ်ပါတယ်။

ဥပမာ -

My views on the benefits of learning a foreign language ဆိုတဲ့ စာစီစာကုံးမှာ foreign language လေ့လာခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။ ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမယ့်အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာမဟုတ်ပါဘူး။ ရေးရမယ့် အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့လိုပါတယ်။ ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျရေးနိုင်ရမယ်၊ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။ နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်၊ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့အရေးအသားဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

ပေးစာနဲ့စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေကန့်သတ်ထားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာလေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါသိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

# ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီး ဧက ၄၃၂၀ စိုက်ပျိုးပြီးစီး

ဘုတလင် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးရန်လျာထားပြီး၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးရာ ယနေ့အထိ ဧက ၄၃၂၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့အထိ ဧက ၄၃၂၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကိုတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့်စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း၊ စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နှမ်း၊ မိုး၊ ဆောင်းရာသီအလိုက် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းဖူလုံစေရုံသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုးမြေရေနည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

(၄၀၉)

# အရပ်ရပ်ဆိုင်ရာအခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နတ်မောက် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ကျင်းပကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် အရပ်ရပ်ဆိုင်ရာအခွင့်အရေးလိုင်စင်များကို လေလံတင်ရောင်းချနိုင်ရေးအတွက် လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လေလံရောင်းချရေးအဖွဲ့ဝင်များက အရပ်ရပ်အခွင့်အရေးဆိုင်ရာလိုင်စင်တစ်မျိုးခြင်း၏ လေလံသင့်တန်ဖိုးနှင့် လေလံစည်းကမ်းများသတ်မှတ်ရေး၊ လေလံကြော်ငြာများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအရပ်ရပ်ဆိုင်ရာအခွင့်အရေးလိုင်စင်များညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။**လှဝင်း**

# ကော့သောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ကော့သောင်း ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ၁၅ မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွှေ့လျားရေသန့်စင်စနစ်လုပ်ငန်းဆောင်ရွက်ခြင်း၊ လက်တူးတွင်းမွမ်းမံခြင်းလုပ်ငန်းနှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် (VDP)စီမံကိန်းတာဝန်ခံဝန်ထမ်းများက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်၁၅ သန်းဖြင့် ၁၅ မိုင်ကျေးရွာတွင် ရွှေ့လျားရေသန့်စင်စနစ်လုပ်ငန်း၊ လက်တူးတွင်းမွမ်းမံခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၈ လက်မထု အတိုင်းအတာရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်းနှင့်အဆိုပါလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AUSTRALIAN INTERNATIONAL BEER AWARDS
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA Coffee
Black Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ISO 9001:2008 Cert. No.683099
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

# PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၃ ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့်ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး ၃ ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ခွန်တောင်းကြီးကျေးရွာနေ မသန္တာထွေး(ဘ)ဦးဝင်းမြင့်၊ မသန်းသန်းစိုး(ဘ)ဦးဝင်းဘိုနှင့် ဒေါ်ပပဦး(ဘ)ဦးစိန်သန်းတို့၃ဦးသည်ကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့်အကွာရှိ လယ်ကွင်းများအတွင်း ပေါင်းမြက်များရှင်းလင်းနေစဉ် ယနေ့နံနက် ၉ နာရီ ၄၀ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လယ်ကွင်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ၎င်းတို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူသေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

PDF အမည်ခံအကြမ်းဖက်သမားများက လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့် နေရာပြပုံ။










PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့မှု။

# အချိန်အခါမဟုတ် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်


နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ညနေ ၅ နာရီအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၄-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၄၀ နှင့်အထက် နှစ်ရာသီပြုလုပ်နိုင်သည့်ကစားသမားအဖြစ် ဆာလက်ချ်မှတ်တမ်းဝင်



လန်ဒန် ဖေဖော်ဝါရီ ၂၄

လီဗာပူးအသင်း အဓိကတိုက်စစ်ကစားသမား ဆာလက်ချ်သည် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု(သွင်းဂိုးနှင့်ဂိုးဖန်တီးမှု) အကြိမ် ၄၀ နှင့်အထက် နှစ်ရာသီပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဆာလက်ချ်သည် ယခုဘောလုံးရာသီတွင် လီဗာပူးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်လျက်ရှိရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ပြီး လီဗာပူးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်ရရှိနေသည့် ရမှတ်အများစုကို ၎င်း၏သွင်းဂိုးများဖြင့် စွမ်းဆောင်ပေးထားနိုင်ခဲ့သူဖြစ်သည်။

ဆာလက်ချ်သည် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ပွဲချိန် ၁၄ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်သကဲ့သို့ ပွဲချိန် ၃၈ မိနစ်တွင်သွင်းယူသည့် ဆိုဘော့ဇလိုင်း၏သွင်းဂိုးကိုလည်း ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် သွင်းဂိုး ၂၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ရှိလာခဲ့ကာ ဂိုးပါဝင်ပတ်သက်မှု ၄၁ ကြိမ်အထိရှိလာပြီးနောက် သမိုင်းဝင်စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလက်ချ်သည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ပထမဆုံးဘောလုံးရာသီတွင် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ သွင်းဂိုး ၃၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်ပြီးနောက် ဂိုးပါဝင်ပတ်သက်မှု ၄၂ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း ၄၁ ကြိမ်ရှိလာခဲ့ပြီး စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။ **Ref;Opta**

# အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ စာချုပ်သက်တမ်းကုန်ဆုံးပါက လမ်းခွဲမည်ဖြစ်ကြောင်း အတ္တလန္တာအသင်းနည်းပြဂတ်စ်ပါရီနီအတည်ပြု

ရောမ ဖေဖော်ဝါရီ ၂၄

စီးရီးအေကလပ် အတ္တလန္တာအသင်းနည်းပြ ဂတ်စ်ပါရီနီက မိမိအနေဖြင့် အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးပါက လမ်းခွဲမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အသက် ၆၂ နှစ်အရွယ် နည်းပြဂတ်စ်ပါရီနီသည် အတ္တလန္တာအသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၎င်း၏လက်ထက်တွင် အတ္တလန္တာအသင်းအနေဖြင့်လည်း အီတလီစီးရီးအေပြိုင်ပွဲတွင် ထိပ်တန်းအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။


နည်းပြဂတ်စ်ပါရီနီသည် အတ္တလန္တာအသင်းကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ယူရိုပါလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးပေးနိုင်သည့်နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

နည်းပြဂတ်စ်ပါရီနီသည် အတ္တလန္တာအသင်းကို အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆုမဆွတ်ခူးပေးနိုင်သော်လည်း ဘောလုံးရာသီတိုင်းတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သို့မဟုတ် ယူရိုပါလိဂ်ပြိုင်ပွဲတို့ကို ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

အလားတူ ဂက်စ်ပါရီနီသည် ယခုဘောလုံးရာသီတွင်လည်း အတ္တလန္တာအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အီတလီစီးရီးအေပြိုင်ပွဲ၌ ပွဲစဉ် (၂၆) ပြီးဆုံးချိန်တွင် ချန်ပီယံဆုအတွက် အင်တာမီလန်အသင်း၊ နာပိုလီအသင်းတို့ကို ဖိအားပေးနိုင်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သူဖြစ်သည်။

နည်းပြဂတ်စ်ပါရီနီသည် ၂၀၂၆ ခုနှစ် ဇွန်လအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လမ်းခွဲရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **Ref;Goal.com**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ဆွီဒင်ကစားသမားအဖြစ် ယွန်းဘတ်၏သွင်းဂိုးစံချိန်ကို အီဆက်ကျော်ဖြတ်



လန်ဒန် ဖေဖော်ဝါရီ ၂၄

နယူးကာဆယ်အသင်း တိုက်စစ်ကစားသမား အီဆက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ် ကစားသည့် နယူးကာဆယ်အသင်းက နော်တင်ဟမ်အသင်းကို ၄ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ဆွီဒင်ကစားသမားအဖြစ် ရပ်တည်နေသည့် ယွန်းဘတ်၏သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အီဆက်သည် ပွဲချိန် ၃၃ မိနစ်နှင့် ပွဲချိန် ၃၄ မိနစ်တို့တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ပြီးနောက် နယူးကာဆယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၅၀ ပြည့်မြောက်ပြီးနောက် အာဆင်နယ်အသင်းဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ယွန်းဘတ်၏ သွင်းဂိုးစံချိန်ကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး ဆွီဒင်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အီဆက်မတိုင်မီက ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံး ဆွီဒင်ကစားသမားအဖြစ် ယွန်းဘတ်က ၄၈ ဂိုးဖြင့် ရပ်တည်နေခြင်းဖြစ်ပြီး အီဆက်နှင့်သွင်းဂိုးတူညီနေခဲ့သော်လည်း အီဆက်က နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယွန်းဘတ်၏ စံချိန်ကို နှစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် အီဆက်သည် ၂၀၂၂ ခုနှစ်က ဆိုစီဒက်စ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၄ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၉ ဂိုးရှိလာပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း လီဗာပူးအသင်းမှ ဆာလက်ချ်၏နောက်တွင် မန်စီးတီးအသင်းမှ ဟာလန်းနှင့်အတူ သွင်းဂိုးတူဖြင့် ဒုတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

နယူးကာဆယ်အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် အီဆက်ကို အာဆင်နယ်အသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ **Ref;Fotmob**

# ချန်ပီယံလိဂ်ဝင်ခွင့်မသေချာသော်လည်း ချယ်လ်ဆီးအသင်းဘုတ်အဖွဲ့က နည်းပြမာရက်စ်ကာကို ထောက်ခံပေးထား

လန်ဒန် ဖေဖော်ဝါရီ ၂၄

ချယ်လ်ဆီးအသင်းသည် အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ပိုမိုဝေးကွာလာသော်လည်း နည်းပြမာရက်စ်ကာအပေါ် ချယ်လ်ဆီးအသင်းဘုတ်အဖွဲ့က အပြည့်အဝထောက်ခံမှုပေးထားကြောင်း သိရသည်။

နည်းပြမာရက်စ်ကာသည် ယခုဘောလုံးရာသီတွင် ငါးနှစ်စာချုပ်ဖြင့် ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်နေသူဖြစ်ပြီး ရာသီဝက်ကာလအထိ ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်သည့်အလားအလာများရှိခဲ့သော်လည်း ရာသီဝက်နောက်ပိုင်းတွင် ရလဒ်များဆိုးရွားလာပြီးနောက် ချန်ပီယံလမ်းကြောင်းပေါ်မှ ဖယ်ရှားပေးခဲ့ရသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက်ပါ မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၃ မှတ်ဖြင့် ဘုန်းမောက်စ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၇) နေရာအထိကျဆင်းခဲ့ရပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မန်စီးတီး၊ ဘုန်းမောက်စ်၊ နယူးကာဆယ်နှင့် အက်စ်တွန်ဗီလာအသင်းတို့နှင့် အားပြိုင်ရဖွယ်ရှိနေကာ မျှော်လင့်ချက်နည်းပါးလျက်ရှိကြောင်း သိရသည်။

**Ref;Fabrizio Romano**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၂၁ ရက်**တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၃၄၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်၊ အိုးပေါက်ကျေးရွာ၌ တရားမဝင်အခြားသစ် (၁ ဒသမ ၀၅၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၁ ရက်**တွင် မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀)ကိုလည်းကောင်း၊ **ဖေဖော်ဝါရီလ ၂၂ ရက်**တွင် မြောင်းမြမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဖေဖော်ဝါရီလ ၂၃ ရက်**တွင် မအူပင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၂၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၂၆၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၅၄၂၆၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြဝတီမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်ကျောက်စိမ်းဟုယူဆရသည့် အချောထည်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunglong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် (UB-004/SF-1725)နှင့် (8M-232/ SF-1753)တို့ဖြင့် လိုက်ပါလာသောခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၆၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၃၄၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၂၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၈ ဒသမ ၁၉၁)တန်၊ သစ်မာ (၇ ဒသမ ၉၃၇)တန်၊ အခြားသစ် (၂ ဒသမ ၈၈၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၃၉၃၀၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၄၅၃၇၀၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှု မရှိနိုင်ခြင်းကြောင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## ပျောက်ဆုံးကြောင်း
ရဲမင်းဇော်(ဘ)ဦးအေးမြင့် ၇/နတလ(နိုင်)၁၂၈၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
ဝင်းကလျာ(ဘ)ဦးသိန်းထွန်း ၁၂/ကတန(နိုင်)၁၁၆၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 205506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၆၉၆၃၆၅

## ပျောက်ဆုံးကြောင်း
မောင်ငွေး(ဘ)ဦးဆန်းမောင် ၅/မကန(နိုင်)၀၀၅၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၃၉၃၈၂

## ပျောက်ဆုံးကြောင်း
ဇင်မာခိုင်(ဘ)ဦးမြဖေ ၈/ဆမန(နိုင်)၀၅၇၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 655252)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၆၈၂၆၄၄

## ပျောက်ဆုံးကြောင်း
နီလာမင်း(ဘ)ဦးမောင်မောင်ကြီး ၁၂/ဗဟန(နိုင်)၀၈၉၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၅၅၀၆၀

## ပျောက်ဆုံးကြောင်း
ရင်ရင်မြင့်(ဘ)ဦးဘမောင် ၁၄/ကကန(နိုင်)၀၀၂၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၄၉၂၃၉၆

## ပျောက်ဆုံးကြောင်း
တင်မင်းသက်(ဘ)ဦးသိန်းမြင့် ၁၂/မရက(နိုင်)၁၈၀၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 978903)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၀၈၇၇၅၈၃

## ပျောက်ဆုံးကြောင်း
ရွှန်းလဲ့လမင်း(ဘ)ဦးဟိန်းမင်းဇော်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၆၈၃၂

## ပျောက်ဆုံးကြောင်း
နီနီမြင့်(ဘ)ဦးခင်စိန် ၁၂/စခန(နိုင်)၀၄၇၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၇၆၁၂၄၃

## ပျောက်ဆုံးကြောင်း
ဆက်ပိုင်ဦး(ဘ)ဦးကျော်ဦး ၇/ထတပ(နိုင်)၀၉၅၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 043763)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၇၁၈၂၅၂

## ပျောက်ဆုံးကြောင်း
မိုးစန္ဒာဦး(ဘ)ဦးစိုင်းထွန်းလှိုင်(ခ)ဆန်းရီ ၁၃/ကမန(နိုင်)၁၄၁၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 856068)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

## ပျောက်ဆုံးကြောင်း
သက်သက်ဇော်(ဘ)ဦးကျော်ဝင်း ၁၂/မရက(နိုင်)၁၆၂၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 142729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၇၂၉၈၆၉

## ပျောက်ဆုံးကြောင်း
သိန်းဇော်(ဘ)ဦးဇော်နိုင် ၁၄/ဝခမ(နိုင်)၂၈၁၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
နော်အယ်ဆီးခူ(ဘ)စောထူးဟဲ ၁၄/မမန(နိုင်)၂၈၈၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၉၆၈၄၈

## ပျောက်ဆုံးကြောင်း
ကောင်းထက်ဦး(ဘ)ဦးစိုးသန်း ၇/ညလပ(နိုင်)၁၇၄၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

## ပျောက်ဆုံးကြောင်း
စန်းလွင်(ဘ)ဦးကုလား ၈/ဆပဝ(နိုင်)၀၂၈၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 306319)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၁၇၁၂၈၃

## ပျောက်ဆုံးကြောင်း
ဖူးပွင့်ခင်(ဘ)ဦးခင်ညွှန့် ၁၂/ဒဂရ(နိုင်)၀၁၄၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ဆန်းဆန်းငွေး(ဘ)ဦးအောင်စိန် ၁၂/ဥကတ(နိုင်)၂၂၂၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 907798)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၈၆၈၉၂၃

## ပျောက်ဆုံးကြောင်း
နီနီဝင်း(ဘ)ဦးကျော်ဝင်း ၁၄/အဂပ(နိုင်)၁၈၉၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 082223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ဖခင်အမည်မှန်
ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အင်ကုန်းလမ်း၊ "Brilliant Hope Primary School"(Grade-4)မှ မဖူးနေခြည်ကို၏ဖခင်အမည်မှန်မှာ ဦးနေဝန်း ၃/ဘအန(နိုင်)၁၂၀၉၃၇ ဖြစ်ပါကြောင်း။
ဦးနေဝန်း

## ဖခင်အမည်မှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ဘုရားတောင် Grade-11 မှ ပညာသင်ကြားနေသော မောင်ဇော်မျိုးဝင်း၏ဖခင် ဦးဇော်ဦး၏အမည်မှန်မှာ ဦးတင်ဇော်ဦး ၉/ဥတသ(နိုင်)၀၀၃၂၉၉ ဖြစ်ပါကြောင်း။
ဦးတင်ဇော်ဦး

## ပျောက်ဆုံးကြောင်း
စည်သူဖြိုးမြင့်(ဘ)ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၁၈၇၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
မောင်မောင်(ဘ)ဦးအောင်ညွှန့် ၁၂/ဥကမ(နိုင်)၁၅၆၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
အောင်အောင်(ဘ)ဦးဝင်းထွန်း ၁၂/တတန(နိုင်)၁၈၀၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ထူးခက်စန္ဒာ(ဘ)ဦးမင်းအောင် ၁၂/လကန(နိုင်)၂၂၅၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)ဦးသန်းအောင် ၁၂/သဃက(နိုင်)၁၈၆၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD 555120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ဝေါမြို့နယ်နေ မိုးမြင့်ကျော်(ဘ)ဦးတင့်လွင် ၇/ဝမန(နိုင်)၁၈၃၀၇၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၃၁၈၅၁၈

## ပျောက်ဆုံးကြောင်း
တင်ကိုကို(ဘ)ဦးအေးကို ၁၂/သကတ(နိုင်)၁၅၁၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၁၉၃၅၂၃

## ပျောက်ဆုံးကြောင်း
အင်ကြင်းခိုင်(ဘ)ဦးမြင့်ဆွေ ၇/မလန(နိုင်)၁၀၄၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
ဒေါ်သျှင်နှဲမ်(ဘ)ဦးထောင်းအောင် ၄/ဖလန(နိုင်)၀၄၇၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
သီဂီငွေး(ဘ)ဦးကျော်ရွှေ ၁၁/ဘသတ(နိုင်)၀၂၂၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
မြင့်ဖိန်း(ဘ)ဦးရန်ဆိုက် ၁၃/တယန(နိုင်)၀၂၅၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၇၁၀၂၀၈

## ပျောက်ဆုံးကြောင်း
ဝေဝေ(ဘ)ဦးကိုရှိုင်းရီ ၁၃/တယန(ပြု)၀၀၀၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၂၀၇၅၁၃

## ပျောက်ဆုံးကြောင်း
သီရိခိုင်(ဘ)ဦးညွှန့်သိန်း ၁၂/ဥကမ(နိုင်)၀၀၂၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၈၇၆၄၃၃

## ပျောက်ဆုံးကြောင်း
အေးဆုမိုး(ဘ)ဦးမြဖေ ၇/သနပ(နိုင်)၁၀၂၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၆၈၀၈၃

## ပျောက်ဆုံးကြောင်း
နန်းနေခြည်ပိုး(ဘ)ဦးစောနေထွန်း ၃/ဘအန(နိုင်)၅၀၇၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 296328)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း
မြင့်မိုးခိုင်(ဘ)ဦးလှတင် ၇/ပခတ(နိုင်)၀၃၃၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၆၆၂၂၉၈

## တစ်ဦးတည်းဖြစ်ပါကြောင်း
နတ်တလင်းမြို့နေ (ဘ)ဦးဖြိုးဝေလှိုင်၏သား မောင်ဇေယျာလင်းဖြိုး(ခ)ရဲဝင့်ဖြိုး ၇/နတလ(နိုင်)၁၉၁၉၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဇေယျာလင်းဖြိုး(ခ)ရဲဝင့်ဖြိုး

## ပျောက်ဆုံးကြောင်း
ဝင်းပြည့်ပြည့်ထွန်း(ဘ)တင်ထွန်း ၁၀/ပမန(နိုင်)၁၃၄၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ဒေါ်ဆန်းမာ(ဘ)ဦးသိန်းထွန်း ၁၄/ဖပန(နိုင်) ၁၅၂၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့၊ ကွင်းတောင်ရပ်ကွက်နေ ဇင်မာဖြိုး(ဘ)ဦးဝင်းငွေ ၇/ကတခ(နိုင်)၂၂၅၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
ရွှေကျင်မြို့၊ ကျွဲတဲရပ်ကွက်နေ ရဲမင်းကိုကို(ဘ)ဦးဝင်းရွှေ ၇/ရကန(နိုင်)၁၀၂၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
နွယ်ဇာစိုး(ဘ)ဦးခင်မောင်မြင့် ၈/အလန(နိုင်)၁၆၆၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 363146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း
မြတ်နိုးသီဂီ(ဘ)ဦးကိုကိုနိုင် ၁၂/ဒဂဆ(နိုင်)၀၄၅၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 749497)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဖခင်အမည်မှန်
ညောင်လေးပင်မြို့နယ်၊ ပွဲနံတန်ဆာမြို့၊ ကတုတ်ကြောင်လျှာဖြား၊ ကျောင်းစုကျေးရွာနေ အလက(ကတုတ်)Grade-9 မှ မောင်ဘုန်းခန့်သော် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထိုက် ၇/ညလပ(နိုင်)၁၃၆၁၇၉ ဖြစ်ပါကြောင်း။
ဦးမျိုးမင်းထိုက်

## ပျောက်ဆုံးကြောင်း
နမ့်ဆန်မြို့၊ မန်ပိန်ကျေးရွာနေ အောင်မင်း(ဘ)ဦးအိုက်မြ ၁၃/နဆန(နိုင်)၀၆၁၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း
မသဲစုခိုင်(ဘ)ဦးခိုင်ကြီး ၇/ပတန(နိုင်)၁၁၃၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၇၃၀၅၅၆

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၄၇၊ ၁၅၂ အရ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာခြင်း
" RAINBOW PACKING MATERIALS CO.LTD.(Reg No.126628110) အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၂-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအစည်းအဝေးမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇင်ဝေ(CPA-210)(MAIP-00143)အား တရားဝင်ခန့်အပ်ရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ ရရန်ရှိ၊ ပေးရန်ရှိများကို (၂၅-၃-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ခိုင်လုံသောအထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇင်ဝေ(CPA-210)(MAIP-00143)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(09252612600)

## "ဂျက်စ်ကန် မြန်မာ ကုမ္ပဏီလီမိတက်" လူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်
၁။ ဂျက်စ်ကန် မြန်မာ ကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၄-၂-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် {နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇}အား ခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၂၃-၃-၂၀၂၅)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးအောင်မြင့်
(အုပ်ချုပ်မှုဒါရိုက်တာ)
ဂျက်စ်ကန် မြန်မာ
ကုမ္ပဏီလီမိတက်

ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊
Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့်
ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ လိန်တောကျေးရွာအုပ်စု၊ မိတ္ထီလာ-မြင်းခြံလမ်းမကြီးဘေး၊ ဦးပိုင်အမှတ်(၂၄၃)၊ မြေကွက်အမှတ်(၅၈၃/တပေါက်ကုန်း)နေ၊ ဦးဝဏ္ဏခိုင်(DENKO စက်သုံးဆီ)(၁၂/အစန(နိုင်)၀၁၉၄၁၀)ကိုင်ဆောင်သူမှ(အလျား ၇၂'-၀" x အနံ ၈၅'-၆")Steel Structure(၁)ထပ်နှင့်(အလျား ၇၈'-၆"၊ ၂၆'-၀"၊ ၅၉'-၀"၊ ၅၉'-၀" x အနံ ၃၇'-၀"၊ ၂၉'-၆"၊ ၂၆'-၀"၊ ၂၆'-၀")RC(၁)ထပ် အဆောက်အဦ(၄)လုံးဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

**❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်. . .**

**❖ "ပညာတတ်"နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်"ကိုဆိုလို . . .**

**❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့်နိုင်ငံဖြစ်လာရန်လိုအပ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းနှင့် ပတ်သက်သော သတင်းကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းနှင့်**
**ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့မှ (၂၂)ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား/ကျောင်းသူများ သိရှိရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင်ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများသည်မိမိတို့၏ခေတ်ပုံကပ်ထားသည့်ခုံအမှတ်စဉ်ပါသောစာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက် ကြာသပတေးနေ့မှစ၍ ထုတ်ယူကြရပါမည်။

**စာမျက်နှာ ၁၅ ကော်လံ ၃ ■**

---

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း ၁ %)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင်

**စာမျက်နှာ ၁၅ ကော်လံ ၁ ⊃**

---

## စိုက်ပျိုးရေးကိုအခြေခံသော MSME လုပ်ငန်းများ

ဆောင်းပါး စာ - ၁၃ သို့

---

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၀ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့



မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင်မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်ပြည်ပနိုင်ငံသား ၁၅၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ ○**

---

## PDFအမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအားလက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၃ ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိ

စာ - ၂၈ သို့

---




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563